မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

အမှတ် ၃၃ ] ရန်ကုန်မြို့ { ၁၃၇၅ ခုနှစ်၊ ဝါခေါင်လဆန်း ၁၀ ရက် ( ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၁၆ ရက် ) } သောကြာနေ့ [ အတွဲ ၆၆

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**ဥပဒေကဲ့သို့အာဏာတည်သောအမိန့်အမှတ် (၂/၂၀၁၃)**

၁၃၇၅ ခုနှစ်၊ ဝါဆိုလဆန်း ၁၃ ရက်

( ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၂၀ ရက် )

**အရေးပေါ်အခြေအနေကြေညာခြင်းအား ရုပ်သိမ်းခြင်း**

၁။ မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်အတွင်းရှိ မိတ္ထီလာမြို့နယ်၊ မလှိုင်မြို့နယ်၊ ဝမ်းတွင်းမြို့နယ်နှင့် သာစည်မြို့နယ်များတွင် တည်ငြိမ်အေးချမ်းမှုပျက်ပြားသည့် ပဋိပက္ခများဖြစ်ပေါ်မှုအား ဥပဒေကဲ့သို့အာဏာတည်သော အရေးပေါ်အခြေအနေကြေညာသည့် အမိန့်အမှတ် (၁/၂၀၁၃) ကို ၂၀၁၃ ခုနှစ်၊ မတ်လ ၂၂ ရက်တွင် ထုတ်ပြန်ကြေညာ၍ ထိန်းသိမ်းခဲ့ပါသည်။

၂။ ၂၀၁၃ ခုနှစ်၊ မေလ ၂၀ ရက်တွင် အမိန့်ထုတ်ပြန်သည့် ရက် (၆၀) ပြည့်သော်လည်း တည်ငြိမ်အေးချမ်းမှုထိန်းသိမ်းရန် လိုအပ်သဖြင့် အဆိုပါအမိန့်ထုတ်ပြန်မှုအား ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ အတည်ပြုချက်ရယူရန်နှင့် သက်တမ်းတိုးမြှင့်ပေးရန်တို့အတွက် ၂၀၁၃ ခုနှစ်၊ မေလ ၂၁ ရက်တွင် ကျင်းပသော ပြည်ထောင်စုလွှတ်တော် အထူးအစည်းအဝေးသို့ တင်ပြခဲ့ရာ ကနဦးထုတ်ပြန်ခဲ့သည့်အမိန့်ကို အတည်ပြုပြီး အထူးအစည်းအဝေးပြုလုပ်သည့်ရက်မှစ၍ ရက်ပေါင်း (၆၀) အထိ ဆက်လက်အာဏာတည်စေရန် အတည်ပြုခဲ့ပါသည်။ ထိုသို့ ဆက်လက်အာဏာတည်သည့်ရက်သည် ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၁၉ ရက်တွင် ရက် (၆၀) ပြည့်ပြီး ဖြစ်ပါသည်။

၃။ မိတ္ထီလာခရိုင်အတွင်းရှိ မိတ္ထီလာမြို့နယ်၊ မလှိုင်မြို့နယ်၊ ဝမ်းတွင်းမြို့နယ်နှင့် သာစည်မြို့နယ်များတွင် တည်ငြိမ်အေးချမ်းမှုရရှိပြီးဖြစ်သောကြောင့် ထုတ်ပြန်ထားသော အရေးပေါ်အခြေအနေကြေညာသည့် အမိန့်အား ယနေ့မှစ၍ ရုပ်သိမ်းလိုက်သည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုလွှတ်တော်**

**အမိန့်ကြော်ငြာစာအမှတ် (၃၉/၂၀၁၃)**

၁၃၇၅ ခုနှစ်၊ ဝါဆိုလဆန်း ၄ ရက်

( ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၁၁ ရက် )

**ဥပဒေကြမ်းပူးပေါင်းကော်မတီဝင် ပြောင်းလဲတာဝန်ပေးအပ်ခြင်း**

ပြည်ထောင်စုလွှတ်တော်သည် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၉၆ အရ တာဝန်ပေးအပ်သော ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်၌ အသေးစိတ်လေ့လာစိစစ်နိုင်ရေးအတွက် ပြည်ထောင်စုလွှတ်တော်၏ ၂၀၁၂ ခုနှစ်၊ စက်တင်ဘာလ ၅ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၅၅/၂၀၁၂) ဖြင့် ဖွဲ့စည်းထားသည့် ဥပဒေကြမ်းပူးပေါင်းကော်မတီတွင် အဖွဲ့ဝင် ဦးငွန်မောင်း၊ ဟားခါးမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် **အစား** ဦးခင်ဝင်း၊ ပန်းတောင်းမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အား အဖွဲ့ဝင်အဖြစ် ပြောင်းလဲတာဝန်ပေးအပ်လိုက်သည်။

(ပုံ) ခင်အောင်မြင့်
နာယက
ပြည်ထောင်စုလွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုလွှတ်တော်**

**အမိန့်ကြော်ငြာစာအမှတ် (၄၀/၂၀၁၃)**

၁၃၇၅ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁ ရက်

( ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၂၃ ရက် )

**လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခံရမှုများကြောင့်**
**ပြည်သူများ နစ်နာမှုမရှိစေရေးအတွက် စုံစမ်းရေးကော်မရှင် တိုးချဲ့ဖွဲ့စည်းခြင်း**

၁။ လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခံရမှုများကြောင့် ပြည်သူများနစ်နာမှုမရှိစေရေးအတွက် စုံစမ်းရေးကော်မရှင်ကို ဇလွန်မြို့နယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်ထွတ် အပါအဝင် (၇၄) ဦးဖြင့် ဖွဲ့စည်းဆောင်ရွက်ခဲ့ရာ လက်တွေ့လုပ်ငန်းအခြေအနေအရ အင်အားလုံလောက်မှုမရှိပါသဖြင့် ယင်းကော်မရှင်အား အင်အားထပ်မံတိုးချဲ့ပေးရန် လိုအပ်လာပါသည်။

၂။ သို့ဖြစ်ပါ၍ ပြည်ထောင်စုလွှတ်တော်နာယကသည် လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခံရမှုများကြောင့် ပြည်သူများ နစ်နာမှုမရှိစေရေးအတွက် စုံစမ်းရေးကော်မရှင်တွင် အောက်ပါပုဂ္ဂိုလ်များကို ထပ်မံတိုးချဲ့ဖွဲ့စည်းလိုက်သည် -

| | | | |
|---|---|---|---|
| (က) | ဦးခင်မောင်ဦး | ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် မုံရွာမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ခ) | ဦးအောင်ကျော်ဦး | ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ရေဦးမဲဆန္ဒနယ် | အဖွဲ့ဝင် |

| | | |
|---|---|---|
| (ဂ) ဦးမောင်ဦး | ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဖောင်းပြင်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဃ) ဦးတင်မြင့် | ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် တန့်ဆည်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (င) ဦးထွန်းထွန်း | ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် မန်စီမဲဆန္ဒနယ် | အဖွဲ့ဝင် |

(ပုံ) ခင်အောင်မြင့်
နာယက
ပြည်ထောင်စုလွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်ထောင်စုလွှတ်တော်

## ထုတ်ပြန်ကြေညာချက်အမှတ် (၁/၂၀၁၃)

၁၃၇၅ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၉ ရက်
( ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက် )

## ငြိမ်းချမ်းရေး၊ တရားဥပဒေစိုးမိုးရေး၊ နိုင်ငံသားအချင်းချင်း ချစ်ကြည်ရင်းနှီးစွာ နေထိုင်ရေးတို့နှင့်စပ်လျဉ်းသည့် ပြည်ထောင်စုလွှတ်တော်၏ထုတ်ပြန်ကြေညာချက်

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သတင်းထုတ်ပြန်ရေးအဖွဲ့၏ ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၂၆ ရက်နေ့ သတင်းထုတ်ပြန်ချက် (၁၀/၂၀၁၃) အား ကြိုဆိုပါသည်။

၂။ နိုင်ငံတော်သမ္မတ ဦးစီးဦးဆောင်ပြုနေသော ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီ၏ ငြိမ်းချမ်းရေးဖော်ဆောင်မှုမူဝါဒနှင့် လုပ်ငန်းစဉ်များကိုလည်း အားပေးထောက်ခံပါသည်။

၃။ လက်နက်ကိုင်ပဋိပက္ခဖြစ်နေခြင်းမှ ငြိမ်းချမ်းရေးအမှန်တကယ်ရရှိရန်အတွက် သက်ဆိုင်သူများသည် စိတ်ကောင်းစေတနာမှန်များ ထားရှိဆောင်ရွက်ရေး၊ အချင်းချင်းအပြန်အလှန် နားလည်စာနာရေး၊ ယုံကြည်မှုရရှိရေးတို့ကို အလေးအနက်ထားရှိ ဆောင်ရွက်ကြစေလိုပါသည်။

၄။ အပစ်အခတ်အပြည့်အဝရပ်စဲရေးအတွက် တာဝန်ရှိသူများက တရားနည်းလမ်းတကျ မျှမျှတတ ဆောင်ရွက်ကြပါရန်၊ နိုင်ငံရေးဆွေးနွေးမှုများစတင်ပြီး ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းများ မြှင့်တင်ပေးကြရာတွင် ပြည်သူလူထုများကလည်း ပူးပေါင်းပါဝင်ကြပါရန် တိုက်တွန်းနှိုးဆော်လိုပါသည်။

၅။ ပြီးခဲ့သောကာလအတွင်းက ဖြစ်ပေါ်ခဲ့သော ရခိုင်ပြည်နယ်၊ မိတ္ထီလာမြို့၊ ပဲခူးတိုင်းအနောက်ခြမ်း၊ လားရှိုးမြို့များတွင် ဖြစ်ပွားခဲ့သော အကြမ်းဖက်မှုမျိုးများ နိုင်ငံအတွင်း ထပ်မံမဖြစ်ပွားကြရန်အတွက် နိုင်ငံသားအချင်းချင်း ချစ်ခင်ရင်းနှီးစွာနေထိုင်ကြပါရန်နှင့် တရားဥပဒေများကိုလည်း လေးစားလိုက်နာကြရန် မေတ္တာရပ်ခံပန်ကြားလိုပါကြောင်း ထုတ်ပြန်ကြေညာအပ်ပါသည်။

ပြည်ထောင်စုလွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**လွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၄၂/၂၀၁၃)**

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၇ ရက်

( ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၂၉ ရက် )

**တရားရုံးများကို မထီမဲ့မြင်ပြုမှုဥပဒေ ထုတ်ပြန်ကြေညာခြင်း**

နိုင်ငံတော်သမ္မတက အတည်ပြုလက်မှတ်ရေးထိုးသော တရားရုံးများကို မထီမဲ့မြင်ပြုမှုဥပဒေအား ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၁၁ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
လွှတ်တော်ရုံး။

# တရားရုံးများကို မထီမဲ့မြင်ပြုမှုဥပဒေ

**( ၂၀၁၃ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၇။ )**

၁၃၇၅ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၇ ရက်

( ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၂၉ ရက် )

## နိဒါန်း

ပြည်ထောင်စုလွှတ်တော်သည် တရားရုံး၏ မှန်ကန်လွတ်လပ်စွာတရားစီရင်ရေး၊ တရားရုံး၏ ဂုဏ်သိက္ခာနှင့် အများပြည်သူယုံကြည်ကိုးစားမှုကို မထိခိုက်စေရေးတို့အတွက် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)
## အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို **တရားရုံးများကို မထီမဲ့မြင်ပြုမှုဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင် ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **တရားရုံး**ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၉၃ ပါ ပြဋ္ဌာန်းချက်အရ ဖွဲ့စည်းသည့် အောက်ပါ တရားရုံးများကို ဆိုသည် -

(၁) ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ တိုင်းဒေသကြီးတရားလွှတ်တော်များ၊ ပြည်နယ်တရားလွှတ်တော်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတရားရုံးများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတရားရုံးများ၊ ခရိုင်တရားရုံးများ၊ မြို့နယ်တရားရုံးများနှင့် ဥပဒေအရ တည်ထောင်သော အခြားတရားရုံးများ၊

(၂) စစ်ဘက်ဆိုင်ရာတရားရုံးများ၊

(၃) နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး။

( ခ ) **တရားရုံးများကို မထီမဲ့မြင်ပြုမှု**ဆိုသည်မှာ တရားမဆိုင်ရာမထီမဲ့မြင်ပြုမှုနှင့် ပြစ်မှုဆိုင်ရာမထီမဲ့မြင်ပြုမှုကို ဆိုသည်။

( ဂ ) **တရားမဆိုင်ရာမထီမဲ့မြင်ပြုမှု**ဆိုသည်မှာ တရားရုံးတစ်ရုံးက ချမှတ်သော စီရင်ချက်၊ ဒီကရီ၊ အမိန့်၊ ညွှန်ကြားချက် သို့မဟုတ် ထုတ်ဆင့်သောဆင့်စာကို တမင်သက်သက်မလိုက်နာခြင်းကို ဆိုသည်။

(ဃ) **ပြစ်မှုဆိုင်ရာမထီမဲ့မြင်ပြုမှု**ဆိုသည်မှာ အောက်ပါ အပြုအမူတစ်ခုခုအတွက် အကြောင်းအရာ တစ်ရပ်ရပ်ကို နှုတ်ဖြင့်ဖြစ်စေ၊ စာဖြင့်ဖြစ်စေ၊ အမှတ်သင်္ကေတဖြင့်ဖြစ်စေ၊ ထင်ရှားသောပုံသဏ္ဌာန်ဖြင့်ဖြစ်စေ၊ အခြားတစ်နည်းနည်းဖြင့်ဖြစ်စေ တမင်ထုတ်ဖော်ကြေညာခြင်း၊ သတင်းအဖြစ် ရေးသားဖော်ပြခြင်း၊ ပုံနှိပ်ထုတ်ဝေခြင်း သို့မဟုတ် ဖြန့်ချိခြင်းကို ဆိုသည် -

(၁) တရားရုံး၏ ဥပဒေအရ အပ်နှင်းထားသော အခွင့်အာဏာကို သေးသိမ်စေခြင်း သို့မဟုတ် သေးသိမ်ရန် ဖြစ်တန်စေခြင်း၊

(၂) တရားစီရင်သောမှုခင်းကိစ္စတွင် ဖြောင့်မှန်စွာဆောင်ရွက်မှုကို ထိခိုက်စေခြင်း၊ စွက်ဖက်ခြင်း သို့မဟုတ် နှောင့်ယှက်ခြင်း၊

(၃) မှန်ကန်လွတ်လပ်စွာ တရားစီရင်ရေးအပေါ် အများပြည်သူက ယုံကြည်ကိုးစားမှု လျော့နည်းစေရန် တစ်နည်းနည်းဖြင့်ပြုလုပ်ခြင်း၊

(၄) တရားရုံးက ဆုံးဖြတ်ရန်ရှိသော အချက်များကို တစ်စုံတစ်ရာအဆုံးအဖြတ်မပေးရသေးမီ ကြိုတင်ဝေဖန်ပြောဆိုခြင်း၊ ရေးသားဖော်ပြခြင်း၊ ပုံနှိပ်ထုတ်ဝေခြင်း၊ ဖြန့်ချိခြင်း။

( င ) **တရားလွှတ်တော်**ဆိုသည်မှာ တိုင်းဒေသကြီးတရားလွှတ်တော် သို့မဟုတ် ပြည်နယ်တရားလွှတ်တော်ကို ဆိုသည်။

## အခန်း (၂)
## စီရင်ပိုင်ခွင့်နှင့်အရေးယူပိုင်ခွင့်

၃။ တရားလွှတ်တော်သည် တရားရုံးကို မထီမဲ့မြင်ပြုမှုအား ဤဥပဒေအရ စစ်ဆေးစီရင်ပိုင်ခွင့်ရှိသည်။

၄။ တရားလွှတ်တော်သည် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ စစ်ဘက်ဆိုင်ရာတရားရုံး သို့မဟုတ် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးကို မထီမဲ့မြင်ပြုမှုအတွက် သက်ဆိုင်ရာတရားရုံးမှ တာဝန်ရှိသူတစ်ဦး၏ လျှောက်ထားချက်အရ အရေးယူပိုင်ခွင့်ရှိသည်။

၅။ တရားလွှတ်တော်သည် -

(က) မိမိသဘောအလျောက်ဖြစ်စေ၊

( ခ ) နစ်နာသူအမှုသည်တစ်ဦး၏ လျှောက်ထားချက်အရဖြစ်စေ၊

( ဂ ) အခြားနည်းအရဖြစ်စေ၊ တရားရုံးတစ်ရုံးကို မထီမဲ့မြင်ပြုမှုအား အရေးယူပိုင်ခွင့်ရှိသည်။ သို့ရာတွင် ကျူးလွန်ကြောင်း စွပ်စွဲထားသည့် မထီမဲ့မြင်ပြုမှုမှာ ပြစ်မှုဆိုင်ရာဥပဒေအရ ပြစ်ဒဏ်ချမှတ်နိုင်သော မထီမဲ့မြင်ပြုမှုဖြစ်ပါက အရေးယူခွင့်မရှိစေရ။

၆။ တရားလွှတ်တော်သည် -

(က) တရားမဆိုင်ရာမထီမဲ့မြင်ပြုမှုကို တရားမအထွေထွေမှု ဖွင့်လှစ်ဆောင်ရွက်ရမည်။

( ခ ) ပြစ်မှုဆိုင်ရာမထီမဲ့မြင်ပြုမှုကို ပြစ်မှုဆိုင်ရာအထွေထွေမှု ဖွင့်လှစ်ဆောင်ရွက်ရမည်။

## အခန်း (၃)
## ကင်းလွတ်ချက်များ

၇။ ဆောင်ရွက်ဆဲ တရားစီရင်သောမှုခင်းတစ်ရပ်နှင့်စပ်လျဉ်း၍ တရားမျှတပြီး မှန်ကန်တိကျခိုင်လုံသော အကြောင်းအရာတစ်ရပ်ရပ်ကို နှုတ်ဖြင့်ဖြစ်စေ၊ စာဖြင့်ဖြစ်စေ၊ အမှတ်သင်္ကေတဖြင့်ဖြစ်စေ၊ ထင်ရှားသော ပုံသဏ္ဌာန်ဖြင့်ဖြစ်စေ၊ အခြားတစ်နည်းနည်းဖြင့်ဖြစ်စေ ထုတ်ဖော်ကြေညာခြင်း၊ သတင်းအဖြစ် ရေးသား ဖော်ပြခြင်း သို့မဟုတ် ပုံနှိပ်ထုတ်ဝေခြင်း သို့မဟုတ် ဖြန့်ချိခြင်းသည် တရားရုံးကို မထီမဲ့မြင်ပြုမှုမမြောက်စေရ။

၈။ စစ်ဆေးကြားနာ၍ အပြီးသတ်အမိန့်ချမှတ်ထားပြီးဖြစ်သည့် တရားစီရင်သောမှုခင်းတစ်ရပ်၏ အရည်အသွေးအပေါ် မျှတစွာသုံးသပ်ချက် သို့မဟုတ် ဝေဖန်ချက်ကို ပုံနှိပ်ထုတ်ဝေခြင်း သို့မဟုတ် ဖြန့်ချိခြင်း သည် တရားရုံးကို မထီမဲ့မြင်ပြုမှုမမြောက်စေရ။

၉။ ဤဥပဒေတွင် မည်သို့ပါရှိစေကာမူ အောက်ဖော်ပြပါ အကြောင်းအရာများမှအပ အများပြည်သူ ဝင်ရောက်ခြင်းကို ကန့်သတ်ထားသော သီးသန့်ရုံးခန်း၌ ဆောင်ရွက်သည့် တရားစီရင်သောမှုခင်းတစ်ရပ်နှင့် စပ်လျဉ်း၍ တရားမျှတပြီး မှန်ကန်တိကျခိုင်လုံသောအစီရင်ခံစာကို ပုံနှိပ်ထုတ်ဝေခြင်း သို့မဟုတ် ဖြန့်ချိခြင်း သည် တရားရုံးကို မထီမဲ့မြင်ပြုမှုမမြောက်စေရ -

(က) တည်ဆဲဥပဒေတစ်ရပ်ရပ်ပါ ပြဋ္ဌာန်းချက်များနှင့် ဆန့်ကျင်၍ ပုံနှိပ်ထုတ်ဝေခြင်း သို့မဟုတ် ဖြန့်ချိခြင်း၊

(ခ) အများပြည်သူဆိုင်ရာမူဝါဒအရဖြစ်စေ၊ အပ်နှင်းထားသော အခွင့်အာဏာများကို ကျင့်သုံး၍ဖြစ်စေ၊ တရားရုံးက အတိအလင်းတားမြစ်ပိတ်ပင်ထားသည့် တရားစီရင်သောမှုခင်းတစ်ရပ်၏ သတင်း အချက်အလက်များနှင့် သရုပ်ဖော်ပြချက်များကို ပုံနှိပ်ထုတ်ဝေခြင်း သို့မဟုတ် ဖြန့်ချိခြင်း၊

(ဂ) တရားစီရင်သောမှုခင်းတစ်ရပ်တွင် အငြင်းပွားလျက်ရှိသော လျှို့ဝှက်ထားရမည့် လုပ်ငန်းစဉ် စူးစမ်းရှာဖွေတွေ့ရှိချက် သို့မဟုတ် တီထွင်မှု စသည်တို့နှင့်စပ်လျဉ်းသည့် သတင်းအချက်အလက် များကို ပုံနှိပ်ထုတ်ဝေခြင်း သို့မဟုတ် ဖြန့်ချိခြင်း။

## အခန်း (၄)
## ပြစ်မှုနှင့်ပြစ်ဒဏ်များ

၁၀။ မည်သူမဆို တရားရုံးကို ပြစ်မှုဆိုင်ရာမထီမဲ့မြင်ပြုမှုကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား ခြောက်လထက်မပိုသော အလုပ်မဲ့ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းထက်မပိုသော ငွေဒဏ် ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၁၁။ မည်သူမဆို တရားရုံးကို တရားမဆိုင်ရာမထီမဲ့မြင်ပြုမှုကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား ကျပ်တစ်သိန်းထက်မပိုသော ငွေဒဏ်ချမှတ်ရမည်။ ထိုသို့ ငွေဒဏ်ချမှတ်ရုံမျှဖြင့် လုံလောက်မှု မရှိဟု ထင်မြင်ပါက သုံးလထက်မပိုသော တရားမထောင်ဒဏ်ကို ချမှတ်နိုင်သည်။

## အခန်း (၅)
## အယူခံဝင်ခွင့်

၁၂။ တရားလွှတ်တော်သည် တရားရုံးကို ပြစ်မှုဆိုင်ရာမထီမဲ့မြင်ပြုမှု ကျူးလွန်သူကသော်လည်းကောင်း၊ တရားမဆိုင်ရာမထီမဲ့မြင်ပြုမှုကျူးလွန်သူကသော်လည်းကောင်း ကျေနပ်လောက်အောင် ဝန်ချတောင်းပန်လျှင် ထိုသူအား သတိပေးပြီး အပြစ်မှလွှတ်နိုင်သည် သို့မဟုတ် ပြစ်ဒဏ်မှ လွတ်ငြိမ်းချမ်းသာခွင့်ပြုနိုင်သည်။

၁၃။ တရားရုံးကို မထီမဲ့မြင်ပြုမှုနှင့်စပ်လျဉ်း၍ တရားလွှတ်တော်က ချမှတ်သည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်ပါက ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ အယူခံဝင်ခွင့်ရှိသည်။

## အခန်း (၆)
## အထွေထွေ

၁၄။ တရားရုံးကို မထီမဲ့မြင်ပြုမှုကို ကျူးလွန်ခဲ့သည်ဟု အဆိုရှိသောနေ့မှစ၍ တစ်နှစ်အတွင်း အမှုကို စွဲဆိုရမည်။ သတ်မှတ်ထားသောကာလထက် ကျော်လွန်ပါက မည်သည့်တရားလွှတ်တော်ကမျှ အဆိုပါအမှုကို အရေးယူဆောင်ရွက်ခြင်းမပြုရ။

၁၅။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် လိုအပ်သော နည်းဥပဒေများ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၁၆။ The Contempt of Courts Act ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## လွှတ်တော်ရုံး
## အမိန့်ကြော်ငြာစာအမှတ် (၄၃/၂၀၁၃)

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၇ ရက်
( ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၂၉ ရက် )

### မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေ ထုတ်ပြန်ကြေညာခြင်း

နိုင်ငံတော်သမ္မတက အတည်ပြုလက်မှတ်ရေးထိုးသော မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေအား ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၁၁ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
လွှတ်တော်ရုံး။

# မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေ
## ( ၂၀၁၃ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၈။ )

၁၃၇၅ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၇ ရက်
( ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၂၉ ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

### အခန်း (၁)
### အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို **မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင် ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **နိုင်ငံတော်**ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို ဆိုသည်။

(ခ) **ကော်မရှင်**ဆိုသည်မှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေအရ ဖွဲ့စည်းသော မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်ကို ဆိုသည်။

(ဂ) **ပြည်ထောင်စုအစိုးရအဖွဲ့**ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့ကို ဆိုသည်။

(ဃ) **နိုင်ငံသား**ဆိုရာတွင် ဧည့်နိုင်ငံသား သို့မဟုတ် နိုင်ငံသားပြုခွင့်ရသူလည်း ပါဝင်သည်။ ဤဥပဒေအလို့ငှာ ယင်းစကားရပ်တွင် နိုင်ငံသားများဖြင့်သာ ဖွဲ့စည်းထားသော စီးပွားရေးအဖွဲ့အစည်းလည်း ပါဝင်သည်။

(င) **နိုင်ငံခြားသား**ဆိုရာတွင် နိုင်ငံသားမဟုတ်သူကို ဆိုသည်။ ဤဥပဒေအလို့ငှာ ယင်းစကားရပ်တွင် နိုင်ငံခြားသားများ ပါဝင်ဖွဲ့စည်းထားသော စီးပွားရေးအဖွဲ့အစည်းလည်း ပါဝင်သည်။

(စ) **ကမကထပြုသူ**ဆိုသည်မှာ ကော်မရှင်သို့ ရင်းနှီးမြှုပ်နှံမှုနှင့်စပ်လျဉ်း၍ အဆိုပြုသည့် နိုင်ငံသား တစ်ဦးဦးကို ဆိုသည်။

(ဆ) **အဆိုပြုချက်**ဆိုသည်မှာ ကမကထပြုသူ သို့မဟုတ် ရင်းနှီးမြှုပ်နှံလိုသူက ရည်ရွယ်ထားသော ရင်းနှီးမြှုပ်နှံမှုအတွက် ခွင့်ပြုမိန့်ရရှိရန် ကော်မရှင်သို့ တင်သွင်းသော လျှောက်လွှာနှင့်အတူ တင်ပြသော ပဋိညာဉ်စာချုပ်မူကြမ်း၊ ငွေရေးကြေးရေးဆိုင်ရာအထောက်အထားများနှင့် ကုမ္ပဏီ ဆိုင်ရာ အထောက်အထားများကို ဆိုသည်။

(ဇ) **ခွင့်ပြုမိန့်**ဆိုသည်မှာ အဆိုပြုချက်နှင့်စပ်လျဉ်း၍ ကော်မရှင်၏သဘောတူခွင့်ပြုသည့် အမိန့်ကို ဆိုသည်။

(ဈ) **မတည်ငွေရင်း**ဆိုရာတွင် ခွင့်ပြုမိန့်အရ နိုင်ငံသားတစ်ဦးဦးက စီးပွားရေးလုပ်ငန်းတွင် ရင်းနှီးမြှုပ်နှံသော အောက်ပါတို့ ပါဝင်သည် -

(၁) ပြည်တွင်းသုံးငွေ၊

(၂) နိုင်ငံခြားသုံးငွေ၊

(၃) စက်ပစ္စည်း၊ စက်ကိရိယာ၊ စက်ကိရိယာအစိတ်အပိုင်း၊ စက်အရန်ပစ္စည်း၊ အသုံးအဆောင် တန်ဆာပလာများ၊

(၄) လိုင်စင်၊ တီထွင်မှုမူပိုင်ခွင့်၊ စက်မှုဒီဇိုင်း၊ ကုန်အမှတ်တံဆိပ်၊ မူပိုင်ခွင့် စသည့် အသိဉာဏ်ဆိုင်ရာပစ္စည်းများကို တန်ဖိုးဖြတ်နိုင်သောအခွင့်အရေး၊

(၅) ကျွမ်းကျင်မှုနည်းပညာရပ်၊

(၆) အထက်ပါတို့မှ လုပ်ငန်းတွင် တိုးပွားရရှိပြီး၍ဖြစ်စေ၊ ဝေစုအကျိုးအမြတ်ကိုဖြစ်စေ ပြန်လည်ရင်းနှီးမြှုပ်နှံသောငွေများ၊

(၇) တည်ဆဲဥပဒေတစ်ရပ်ရပ်အရ မတည်ငွေရင်းအဖြစ် ခွင့်ပြုထားသော အရာဝတ္ထုပစ္စည်းများ။

(ည) **ရင်းနှီးမြှုပ်နှံသူ**ဆိုသည်မှာ ခွင့်ပြုမိန့်အရ ရင်းနှီးမြှုပ်နှံသော ပုဂ္ဂိုလ် သို့မဟုတ် စီးပွားရေးအဖွဲ့အစည်းကို ဆိုသည်။

(ဋ) **ဘဏ်**ဆိုသည်မှာ ပြည်ထောင်စုအစိုးရအဖွဲ့က ခွင့်ပြုသော နိုင်ငံတော်အတွင်းရှိ ဘဏ်တစ်ခုခုကို ဆိုသည်။

(ဌ) **ရင်းနှီးမြှုပ်နှံမှု**ဆိုရာတွင် ဤဥပဒေနှင့်အညီ ရင်းနှီးမြှုပ်နှံသူက ကြီးကြပ်ကွပ်ကဲသည့် ပိုင်ဆိုင်မှုပစ္စည်းအမျိုးမျိုးကို ဆိုသည်။ ယင်းစကားရပ်တွင် အောက်ပါတို့လည်း ပါဝင်သည် -

(၁) ပြည်တွင်းသုံးငွေ၊ နိုင်ငံခြားသုံးငွေ၊ စီးပွားရေးလုပ်ငန်းမှရရှိသည့် အမြတ်ငွေအနက်မှ ပြန်လည်ရင်းနှီးမြှုပ်နှံသည့်ငွေ၊

(၂) စီးပွားရေးလုပ်ငန်းလုပ်ကိုင်ရာတွင် လိုအပ်သည့် ပြည်တွင်းပြည်ပမှ ချေးယူရရှိသည့် ငွေကြေးနှင့်အထောက်အပံ့များ၊

(၃) ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့မပြောင်းနိုင်သောပစ္စည်းနှင့် အခြားပစ္စည်းဆိုင်ရာအခွင့်အရေးများကို ဥပဒေနှင့်အညီ အပေါင်ခံခွင့်နှင့် ပေါင်နှံခွင့်များ၊

(၄) ကုမ္ပဏီတစ်ခု၏ အစုရှယ်ယာများ၊ စတော့များနှင့် ဒီဘင်ချာ စသည့် ငွေချေးသက်သေခံလက်မှတ်များ၊

(၅) ငွေရေးကြေးရေးဆိုင်ရာတန်ဖိုးတစ်ရပ်အဖြစ် ထားရှိသည့် ပဋိညာဉ်စာချုပ်အရ ငွေကြေးအခွင့်အရေးများ သို့မဟုတ် ဆောင်ရွက်မှုများ၊

(၆) တည်ဆဲဥပဒေများနှင့်အညီ အသိဉာဏ်ပစ္စည်းဆိုင်ရာအခွင့်အရေးများ၊

(၇) သဘာဝသယံဇာတပစ္စည်းများ ရှာဖွေခြင်းနှင့် ထုတ်လုပ်ခြင်းဆိုင်ရာအခွင့်အရေးများ အပါအဝင် သက်ဆိုင်ရာဥပဒေ သို့မဟုတ် ပဋိညာဉ်စာချုပ်အရ ပေးအပ်ထားသည့် လုပ်ငန်းဆိုင်ရာအခွင့်အရေးများ။

(ဍ) မြေငှားရမ်းခွင့်ရှိသူ သို့မဟုတ် မြေအသုံးပြုခွင့်ရသူဆိုသည်မှာ နိုင်ငံတော်က သတ်မှတ်ထားသည့် မြေငှားရမ်းခကို နိုင်ငံတော်သို့ ပေးဆောင်၍ သတ်မှတ်ထားသောကာလအပိုင်းအခြားအထိ စီးပွားရေးလုပ်ငန်းတစ်ရပ်ရပ် လုပ်ကိုင်ရန် မြေငှားရမ်းခွင့်ရရှိသူ သို့မဟုတ် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းတစ်ရပ်ရပ် လုပ်ကိုင်ရန် မြေအသုံးပြုခွင့်ရသူကို ဆိုသည်။

(ဎ) **ဘီ အို တီ**စနစ်ဆိုသည်မှာ တည်ဆောက်ခြင်း၊ လုပ်ငန်းလည်ပတ်ဆောင်ရွက်ခြင်း၊ စာချုပ်သက်တမ်းကုန်ဆုံးချိန်တွင် လုပ်ငန်းလုပ်ဆောင်သူတို့က သက်ဆိုင်ရာသို့ လွှဲပြောင်းပေးအပ်ခြင်းကို ဆိုသည်။

(ဏ) **ဘီ အို အို**စနစ်ဆိုသည်မှာ တည်ဆောက်ခြင်း၊ လုပ်ငန်းရပ်များကို ပိုင်ဆိုင်ခြင်း၊ လုပ်ငန်းလည်ပတ်ဆောင်ရွက်ခြင်းကို ဆိုသည်။

(တ) **ဘီ တီ အို**ဆိုသည်မှာ လုပ်ငန်းတည်ဆောက်ခြင်း၊ တည်ဆောက်ပြီးချိန်တွင် လုပ်ငန်းလုပ်ဆောင်သူတို့က သက်ဆိုင်ရာသို့ လွှဲပြောင်းပေးအပ်ခြင်းနှင့် လုပ်ငန်းလည်ပတ်ဆောင်ရွက်ခြင်းကို ဆိုသည်။

## အခန်း (၂)
## ရည်ရွယ်ချက်

၃။ နိုင်ငံတော်၏ ကြွယ်ဝသောသယံဇာတပစ္စည်းများကို ဖော်ထုတ်၍ ပြည်သူများ လောက်ငစွာ သုံးစွဲခံစားနိုင်ကြရန်နှင့် ပိုလျှံလာသည်တို့ကို ပြည်ပသို့ တင်ပို့ရောင်းချနိုင်စေရန်၊ လုပ်ငန်းများ တိုးတက်ကျယ်ပြန့်လာသည်နှင့်အမျှ ပြည်သူတို့အတွက်လည်း အလုပ်အကိုင်များ ပေါ်ပေါက်ပေါများလာစေရန်၊ လူသားအရင်းအမြစ် ဖွံ့ဖြိုးလာစေရန်၊ အခြေခံအဆောက်အအုံ အပါအဝင် နိုင်ငံတော်ဒေသအသီးသီးဖွံ့ဖြိုးတိုးတက်စေရန်၊ နိုင်ငံတကာနှင့်ရင်ပေါင်တန်းနိုင်သည့် မြန်မာနိုင်ငံသားပိုင် စီးပွားရေးလုပ်ငန်းများနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ပေါ်ထွန်းလာစေရန် ရည်ရွယ်သည်။

## အခန်း (၃)
## အခြေခံမူများ

၄။ ဤဥပဒေ၏ အခြေခံမူများမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) အမျိုးသားစီးပွားဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၏ အဓိကရည်မှန်းချက်များကို အထောက်အကူပြုစေရေး၊

(ခ) နိုင်ငံသားက ရရှိပြီးဖြစ်သော၊ ရရှိသင့်သော စီးပွားရေးလုပ်ငန်းများ၊ အခွင့်အလမ်းများကို ကာကွယ်စောင့်ရှောက်ရေး၊

(ဂ) အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်လာစေရေး၊

(ဃ) အဆင့်မြင့်ကျွမ်းကျင်မှု၊ နည်းပညာရပ်များ တိုးတက်ရရှိရေးနှင့် အဆင့်မြင့်နည်းပညာဖြင့် ထုတ်လုပ်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး၊

(င) ပြည်တွင်းထွက်သယံဇာတပစ္စည်းများကို အသုံးပြု၍ ကုန်ပစ္စည်းထုတ်လုပ်လာနိုင်စေရေး၊

(စ) သွင်းကုန်အစားထိုးလုပ်ငန်းများ တည်ထောင်လာစေရေး၊

(ဆ) ပြည်ပပို့ကုန် တိုးချဲ့တင်ပို့နိုင်စေရေး၊

(ဇ) မတည်ငွေရင်းကြီးမားသည့် ကုန်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုလုပ်ငန်းများ ပေါ်ထွန်းလာစေရေး၊

(ဈ) ခေတ်မီစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရေး၊

(ည) အသေးစားနှင့်အလတ်စားစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရေး၊

(ဋ) စွမ်းအင်သုံးစွဲမှုသက်သာစေမည့်လုပ်ငန်းများ ဖော်ထုတ်ရေး၊

(ဌ) စွမ်းအင်သစ်များ ရှာဖွေတူးဖော်ထုတ်လုပ်ရေးနှင့် ဇီဝအခြေခံစွမ်းအင်သစ်များကဲ့သို့သော ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်အရင်းအမြစ်များ ပေါ်ပေါက်လာစေရေး၊

(ဍ) ပုဂ္ဂလိကနှင့်သမဝါယမကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရေး၊

(ဎ) ဒေသန္တရဖွံ့ဖြိုးတိုးတက်လာစေရေး၊

(ဏ) ငွေကြေးဈေးကွက်တွင် ကျယ်ပြန့်စွာပါဝင်လာနိုင်စေရေး၊

(တ) ပြည်ပရောက် နိုင်ငံသားများ၊ အသိပညာရှင်များ၊ အတတ်ပညာရှင်များ၊ စီးပွားရေးလုပ်ငန်းရှင်များအား ပြည်တွင်းဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံပါဝင်လာစေရေး၊

(ထ) အသိဉာဏ်ဆိုင်ရာပစ္စည်းထုတ်ကုန်များနှင့် ဝန်ဆောင်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရေး၊

(ဒ) ပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေးကို အထောက်အကူဖြစ်စေရေး။

## အခန်း (၄)
## သက်ဆိုင်သည့် စီးပွားရေးလုပ်ငန်းများ

၅။ ဤဥပဒေအရဖြစ်စေ၊ တည်ဆဲဥပဒေတစ်ရပ်ရပ်အရဖြစ်စေ၊ ကန့်သတ်ထားသည့် သို့မဟုတ် တားမြစ်ထားသည့် လုပ်ငန်းများမှအပ မည်သည့်စီးပွားရေးလုပ်ငန်းအမျိုးအစားမဆို ရင်းနှီးမြှုပ်နှံခွင့် လျှောက်ထားနိုင်သည်။

၆။ အောက်ပါရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို ကန့်သတ်သည့် သို့မဟုတ် တားမြစ်သည့်လုပ်ငန်းများအဖြစ် သတ်မှတ်ရမည် -

(က) နိုင်ငံတော်အတွင်း တိုင်းရင်းသားလူမျိုးများ၏ ရိုးရာယဉ်ကျေးမှုနှင့် ဓလေ့ထုံးစံများကို ထိခိုက်စေသော လုပ်ငန်းများ၊

( ခ ) လူနေထိုင်ရာရပ်ဝန်းအတွင်း အများပြည်သူ၏ပတ်ဝန်းကျင်ကို ထိခိုက်စေမှု၊ အသံဆူညံမှု ဖြစ်ပေါ်စေသော လုပ်ငန်းများ၊

( ဂ ) ပြည်သူတို့၏ကျန်းမာရေးကို ထိခိုက်စေနိုင်သောလုပ်ငန်းများ၊

(ဃ) သဘာဝအရင်းအမြစ်၊ ပတ်ဝန်းကျင်နှင့်ဂေဟစနစ်ကို ထိခိုက်ပျက်စီးစေနိုင်သောလုပ်ငန်းများ၊

( င ) နိုင်ငံတော်အတွင်းရှိ ကုန်းနေ၊ ရေနေသတ္တဝါများ၊ သစ်ပင်၊ ပန်းမန်၊ စိုက်ပျိုးသီးနှံရှေးဟောင်းအမွေအနှစ်ပစ္စည်းများ၊ သယံဇာတပစ္စည်းများ စသည်တို့ကို ထိခိုက်စေနိုင်သောလုပ်ငန်းများ၊

( စ ) နိုင်ငံတော်အတွင်းသို့ ဘေးအန္တရာယ်ရှိသော သို့မဟုတ် အဆိပ်အတောက်ရှိသော ပစ္စည်းများ သယ်ဆောင်လာနိုင်သည့်လုပ်ငန်းများ၊

(ဆ) နိုင်ငံတကာသဘောတူညီချက်များအရ ဘေးအန္တရာယ်ရှိသော ဓာတုပစ္စည်းထုတ်လုပ်မှုစက်ရုံများ သို့မဟုတ် အသုံးပြုသောလုပ်ငန်းများ။

၇။ ကော်မရှင်သည် နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ လုံခြုံရေးအခြေအနေ၊ စီးပွားရေးအခြေအနေ၊ ပတ်ဝန်းကျင်အခြေအနေနှင့် လူမှုအကျိုးစီးပွားကို ကြီးမားစွာအကျိုးသက်ရောက်မှုဖြစ်စေနိုင်သော နိုင်ငံသားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းကြီးများကို ပြည်ထောင်စုအစိုးရအဖွဲ့မှတစ်ဆင့် ပြည်ထောင်စုလွှတ်တော်သို့ တင်ပြရမည်။

## အခန်း (၅)
## ရင်းနှီးမြှုပ်နှံမှုပုံစံ

၈။ ရင်းနှီးမြှုပ်နှံမှုကို အောက်ပါပုံစံတစ်ခုခုဖြင့် ပြုလုပ်ဆောင်ရွက်နိုင်သည် -

(က) နိုင်ငံသားက မတည်ငွေရင်းရာခိုင်နှုန်းပြည့်ဖြင့် ဆောင်ရွက်ခြင်း၊

( ခ ) နိုင်ငံသားနှင့် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတို့ ဖက်စပ်ပြုလုပ်ခြင်း၊

( ဂ ) နိုင်ငံတော်နှင့် နိုင်ငံသားတို့အကြား ရင်းနှီးမြှုပ်နှံမှုစာချုပ် ချုပ်ဆိုရာတွင် ဘီ အို တီ၊ ဘီ အို အို အပါအဝင် နှစ်ဦးနှစ်ဖက် ညှိနှိုင်းသဘောတူညီသည့်စနစ်ဖြင့် ဆောင်ရွက်ခြင်း၊

(ဃ) လုပ်ငန်းဆိုင်ရာပဋိညာဉ်စာချုပ်ပါ ဥပဒေနှင့်ညီညွတ်သော စနစ်တစ်ခုခုဖြင့် ဆောင်ရွက်ခြင်း။

၉။ (က) ပုဒ်မ ၈ ပါ ရင်းနှီးမြှုပ်နှံမှုဖွဲ့စည်းရာတွင် တစ်ဦးတည်းပိုင်လုပ်ငန်းဖြစ်စေ၊ အစုအဖွဲ့ပိုင်လုပ်ငန်း ဖြစ်စေ၊ ကုမ္ပဏီဖြစ်စေ ဖွဲ့စည်းနိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းဆောင်ရွက်ရာတွင် ပဋိညာဉ်စာချုပ်ပါ သက်တမ်း မကုန်ဆုံးမီ လုပ်ငန်းရပ်စဲခွင့်ရရှိ၍ဖြစ်စေ၊ လုပ်ငန်းပြီးဆုံး၍ဖြစ်စေ စာရင်းရှင်းလင်းဖျက်သိမ်း ရာတွင် နိုင်ငံတော်၏ တည်ဆဲဥပဒေများနှင့်အညီ လိုက်နာကျင့်သုံးဆောင်ရွက်ရမည်။

## အခန်း (၆)
## ကော်မရှင် ဖွဲ့စည်းခြင်း

၁၀။ (က) ပြည်ထောင်စုအစိုးရအဖွဲ့သည် -

(၁) ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများနှင့်စပ်လျဉ်း၍ ဤဥပဒေပါ လုပ်ငန်းတာဝန်များကို ဆောင်ရွက် နိုင်ရန် သင့်လျော်သော ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်တစ်ဦးအား ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာန၊ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် အစိုးရ မဟုတ်သော အဖွဲ့အစည်းများမှ ပညာရှင်များ၊ သင့်လျော်သောပုဂ္ဂိုလ်များအား အဖွဲ့ဝင်များ အဖြစ်လည်းကောင်း ပါဝင်စေလျက် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ကို ဖွဲ့စည်းရမည်။

(၂) ကော်မရှင်ကို ဖွဲ့စည်းရာတွင် အဖွဲ့ဝင်များအနက်မှ ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် တွဲဖက် အတွင်းရေးမှူးတို့ကို သတ်မှတ်၍ တာဝန်ပေးအပ်ရမည်။

(ခ) နိုင်ငံ့ဝန်ထမ်းမဟုတ်သော ကော်မရှင်အဖွဲ့ဝင်များသည် အမျိုးသားစီမံကိန်းနှင့်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနက ခွင့်ပြုသော စရိတ်နှင့်ချီးမြှင့်ငွေကို ခံစားခွင့်ရှိသည်။

## အခန်း (၇)
## ကော်မရှင်၏တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၁၁။ ကော်မရှင်၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) အဆိုပြုချက်များကို စိစစ်ရာတွင် အမျိုးသားလုံခြုံရေးကို ထိပါးနိုင်မှု၊ ငွေရေးကြေးရေးယုံကြည် စိတ်ချရမှု၊ လုပ်ငန်း၏စီးပွားရေးတွက်ခြေကိုက်မှု၊ စက်မှုနည်းပညာ ဆီလျော်မှု၊ ပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်မှု စသည့် အချက်အလက်များကို သုံးသပ်ခြင်း၊

(ခ) ရင်းနှီးမြှုပ်နှံသူများက ဥပဒေအရ ခံစားခွင့်ရှိသော အခွင့်အရေးများကို အပြည့်အဝမရရှိကြောင်း တိုင်ကြားလျှင် လိုအပ်သလို အမြန်အရေးယူဆောင်ရွက်ခြင်း၊

(ဂ) အဆိုပြုချက်များကို တည်ဆဲဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့် ဆန့်ကျင်ခြင်း ရှိ မရှိ စိစစ်ခြင်း၊

(ဃ) နိုင်ငံတော်၏ခွင့်ပြုချက်ဖြင့် ဆောင်ရွက်သော နိုင်ငံသားတို့၏ အဆိုပြုချက်များကို လုပ်ငန်း အမျိုးအစားပေါ် မူတည်၍ ဘီအိုတီ၊ ဘီတီအို၊ ဘီအိုအို အပါအဝင် အလားတူစနစ်များအပေါ်တွင် အခြေခံစဉ်းစားခြင်း၊

(င) လုပ်ငန်းဆောင်ရွက်ချက်များကို ပြည်ထောင်စုအစိုးရအဖွဲ့မှတစ်ဆင့် ပြည်ထောင်စုလွှတ်တော်သို့ ခြောက်လတစ်ကြိမ် တင်ပြအစီရင်ခံခြင်း၊

(စ) ပြည်တွင်းရင်းနှီးမြှုပ်နှံမှုများ လွယ်ကူရန်နှင့် အားပေးအထောက်အကူပြုရန် ပြည်ထောင်စု အစိုးရအဖွဲ့သို့ အခါအားလျော်စွာအကြံပြုတင်ပြခြင်း၊

(ဆ) ဤဥပဒေနှင့်အညီ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအမျိုးအစား၊ ရင်းနှီးမြှုပ်နှံမှုတန်ဖိုးပမာဏနှင့် လုပ်ငန်း သက်တမ်းတို့ကို သတ်မှတ်ခြင်းနှင့် ပြောင်းလဲသတ်မှတ်ခြင်း၊

(ဇ) တိုင်းဒေသကြီးနှင့်ပြည်နယ်စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘော တူညီချက်အရ လုပ်ကိုင်ဆောင်ရွက်ခွင့်ရသော ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဈ) မိမိငှားရမ်းခွင့် သို့မဟုတ် အသုံးပြုခွင့်ရရှိသောမြေ၏ မြေပေါ် မြေအောက်၌ ခွင့်ပြုသည့်လုပ်ငန်းနှင့် မသက်ဆိုင်သော မူလစာချုပ်တွင် မပါဝင်သည့် သဘာဝသယံဇာတတွင်းထွက်ပစ္စည်းကိုဖြစ်စေ၊ ရှေးဟောင်းဝတ္ထုပစ္စည်း၊ ရတနာသိုက်ကိုဖြစ်စေ တွေ့ရှိလျှင် ကော်မရှင်က ချက်ချင်းသိရှိရန်နှင့် အရေးယူနိုင်ရန် စီမံဆောင်ရွက်ခြင်း၊

(ည) စီးပွားရေးလုပ်ငန်းကို အဆိုပြုချက်နှင့်အညီ အောင်မြင်စွာဆောင်ရွက်ရန်အတွက် ပြည်တွင်း၊ ပြည်ပ ဘဏ်ချေးငွေများ ရယူနိုင်ရန်အလို့ငှာ ရင်းနှီးမြှုပ်နှံသည့်လုပ်ငန်းကို လုပ်ကိုင်နေကြောင်း အသိအမှတ်ပြုလွှာ ထုတ်ပေးခြင်း၊

(ဋ) အခွန်ကင်းလွတ်ခွင့်နှင့် သက်သာခွင့်ပေးရန်မလိုသော ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို သတ်မှတ်ပေးခြင်း၊

(ဌ) ခွင့်ပြုမိန့်ဖြင့် လုပ်ကိုင်လျက်ရှိသော ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတွင် အလုပ်လုပ်ကိုင်ရန် ခွင့်ပြုထားသည့် နိုင်ငံခြားသားများအား နိုင်ငံတော်က ထုတ်ပေးသော အလုပ်လုပ်ခွင့်လက်မှတ်၊ ပြည်တွင်းနေထိုင်ခွင့်လက်မှတ်ရရှိရေးအတွက် ကူညီဆောင်ရွက်ပေးခြင်း၊

(ဍ) ဤဥပဒေနှင့်အညီ ကျင့်သုံးဆောင်ရွက်ရန် ကော်မရှင်က တာဝန်ခံခြင်း၊

(ဎ) ပြည်ထောင်စုအစိုးရအဖွဲ့က အခါအားလျော်စွာပေးအပ်သော တာဝန်များကို ထမ်းဆောင်ခြင်း။

၁၂။ ကော်မရှင်၏လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) နိုင်ငံတော်၏အကျိုးစီးပွားကို ဖြစ်ထွန်းစေနိုင်သည်ဟု ယူဆပြီး တည်ဆဲဥပဒေတစ်ရပ်ရပ်နှင့်လည်း မဆန့်ကျင်သည့် အဆိုပြုချက်ကို လိုအပ်သောစိစစ်မှုများ ပြုလုပ်၍ လက်ခံခြင်း၊

(ခ) ကော်မရှင်သည် အဆိုပြုချက်ကို လက်ခံလျှင် ခွင့်ပြုမိန့်ကို ကမကထပြုသူ သို့မဟုတ် ရင်းနှီးမြှုပ်နှံလိုသူအား ထုတ်ပေးခြင်း၊

(ဂ) ခွင့်ပြုမိန့်သက်တမ်း သို့မဟုတ် သဘောတူညီချက်ကို တိုးမြှင့်ပေးရန်ဖြစ်စေ၊ ပြင်ဆင်ပေးရန်ဖြစ်စေ သက်ဆိုင်ရာတို့က လျှောက်ထားလာလျှင် သတ်မှတ်ချက်များနှင့်အညီ စိစစ်၍ ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း၊

(ဃ) ကမကထပြုသူထံမှလည်းကောင်း၊ ရင်းနှီးမြှုပ်နှံသူထံမှလည်းကောင်း လိုအပ်သည့် အထောက်အထားများကိုဖြစ်စေ၊ အချက်အလက်များကိုဖြစ်စေ တင်ပြရန် တောင်းဆိုခြင်း၊

(င) ရင်းနှီးမြှုပ်နှံသူက ခွင့်ပြုမိန့်ရရှိရန် ကော်မရှင်သို့ တင်သွင်းသော အဆိုပြုချက်တွင် အချက်အလက်များကို မမှန်မကန်ရေးသွင်းဖော်ပြထားခြင်း သို့မဟုတ် ခွင့်ပြုမိန့်ပါ စည်းကမ်းချက်များအတိုင်း လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ခြင်းတို့ကို ခိုင်လုံသောအထောက်အထားများ တွေ့ရှိပါက ပုဒ်မ ၃၂ တွင် ဖော်ပြထားသည့် စီမံခန့်ခွဲရေးဆိုင်ရာပြစ်ဒဏ်တစ်ရပ်ရပ်ကိုဖြစ်စေ၊ ပြစ်ဒဏ်များကိုဖြစ်စေ ချမှတ်ခြင်း၊

(စ) ငွေရေးကြေးရေးကိစ္စရပ်များ ဆောင်ရွက်ရန် ရင်းနှီးမြှုပ်နှံသူက အဆိုပြုတင်ပြလာသည့်ဘဏ်ကို ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း။

၁၃။ ကော်မရှင်သည် မိမိ၏လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရာတွင် ကော်မတီများနှင့် အဖွဲ့ငယ်များကို လိုအပ်သလို ဖွဲ့စည်းနိုင်သည်။

၁၄။ ကော်မရှင်က ခွင့်ပြုသောလုပ်ငန်းများ၏ ဆောင်ရွက်ပြီးစီးမှုနှင့် တိုးတက်ဖြစ်ပေါ်မှုအခြေအနေများကို ခြောက်လလျှင် တစ်ကြိမ် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးတွင် အစီရင်ခံတင်ပြရမည်။

## အခန်း (၈)
## ရင်းနှီးမြှုပ်နှံသူ၏တာဝန်နှင့်အခွင့်အရေးများ

၁၅။ ရင်းနှီးမြှုပ်နှံသူ၏တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ဤဥပဒေပါ ပြဋ္ဌာန်းချက်၊ ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ လုပ်ထုံးလုပ်နည်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် ခွင့်ပြုမိန့်တို့ပါ စည်းကမ်းချက်များကို လိုက်နာခြင်း၊

(ခ) မိမိငှားရမ်းခွင့် သို့မဟုတ် အသုံးပြုခွင့်ရှိသောမြေကို ကော်မရှင်က သတ်မှတ်ထားသော စည်းကမ်းချက်များ၊ စာချုပ်ပါ စည်းကမ်းချက်များနှင့်အညီ အသုံးပြုခြင်း၊

(ဂ) ကော်မရှင်က ထုတ်ပေးသော ခွင့်ပြုမိန့်ကို ရရှိပါက သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်၊ အဖွဲ့အစည်းနှင့် လိုအပ်သော ပဋိညာဉ်စာချုပ်ချုပ်ဆို၍ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း တည်ထောင်ခြင်း၊

(ဃ) ခွင့်ပြုမိန့်ဖြင့် လုပ်ငန်းလုပ်ကိုင်ခွင့်ပြုထားသော မြေနှင့်အဆောက်အအုံများကို လုပ်ငန်းသက်တမ်း ကာလအတွင်း ထိုရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအတွက် အခြားပုဂ္ဂိုလ်တစ်ဦးဦးအား တစ်ဆင့်ငှားရမ်းခြင်း၊ ပေါင်နှံခြင်း၊ အစုရှယ်ယာလွှဲပြောင်းခြင်းနှင့် လုပ်ငန်းလွှဲပြောင်းခြင်းတို့ကို ကော်မရှင်၏ခွင့်ပြုချက် ဖြင့် ဆောင်ရွက်ခြင်း၊

(င) မိမိငှားရမ်းခွင့် သို့မဟုတ် အသုံးပြုခွင့်ရရှိသော မြေ၏မြေပေါ်မြေအောက်၌ ခွင့်ပြုသည့်လုပ်ငန်းနှင့် မသက်ဆိုင်သော မူလစာချုပ်တွင် မပါဝင်သည့် သဘာဝသယံဇာတတွင်းထွက်ပစ္စည်းကိုဖြစ်စေ၊ ရှေးဟောင်းဝတ္ထုပစ္စည်း၊ ရတနာသိုက်ကိုဖြစ်စေ တွေ့ရှိလျှင် ကော်မရှင်သို့ ချက်ချင်းအကြောင်း ကြားခြင်း၊ ကော်မရှင်က ခွင့်ပြုလျှင် ယင်းမြေပေါ်၌ ဆက်လက်လုပ်ကိုင်နိုင်ခြင်း၊ ခွင့်ပြုချက် မရလျှင် အစားထိုးစီစဉ်ပေးသည့်နေရာသို့ ပြောင်းရွှေ့ဆောင်ရွက်ခြင်း၊

(စ) ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းနှင့်စပ်လျဉ်း၍ တည်ဆဲဥပဒေများနှင့်အညီ ပတ်ဝန်းကျင်ညစ်ညမ်းမှု၊ ပျက်စီးမှုမဖြစ်စေရန် ဆောင်ရွက်ခြင်း၊

(ဆ) ရင်းနှီးမြှုပ်နှံသူသည် နိုင်ငံတော်အတွင်း အာမခံလုပ်ငန်းလုပ်ကိုင်ခွင့်ရှိသည့် အာမခံလုပ်ငန်း တစ်ခုခုတွင် သတ်မှတ်သော အာမခံအမျိုးအစားများကို ထားရှိခြင်း။

၁၆။ ရင်းနှီးမြှုပ်နှံသူ၏အခွင့်အရေးများမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) နိုင်ငံခြားမှ ကျွမ်းကျင်သူပညာရှင်များ ခေါ်ယူခန့်ထားပိုင်ခွင့်ရှိခြင်း၊

(ခ) စီးပွားရေးလုပ်ငန်းအတွက် အခြေခံလိုအပ်ချက်များဖြစ်သည့် မြေ၊ အဆောက်အအုံ၊ ရေ၊ ဆက်သွယ်ရေး၊ စွမ်းအင်တို့ရရှိရေးအတွက် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၏ ကူညီ ပံ့ပိုးမှုများ ရနိုင်ခွင့်ရှိခြင်း၊

(ဂ) စီးပွားရေးလုပ်ငန်းကို ဆောင်ရွက်ရာတွင် ကျွမ်းကျင်မှု အကူအညီနှင့် နည်းပညာများကို သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းထံမှ ဥပဒေနှင့်အညီ ရယူသုံးစွဲခွင့်ရှိခြင်း၊

(ဃ) မြေနှင့်အဆောက်အအုံတို့ကို တစ်ဆင့်ငှားရမ်းခြင်းနှင့် ပေါင်နှံခြင်းမဟုတ်ဘဲ အခြားတစ်နည်းနည်း ဖြင့် လွှဲပြောင်းခြင်းတို့ကို ကော်မရှင်၏ခွင့်ပြုချက်ဖြင့် ပြုလုပ်ခွင့်ရှိခြင်း၊

(င) မိမိ၏အစုရှယ်ယာအချို့ကိုသော်လည်းကောင်း၊ အားလုံးကိုသော်လည်းကောင်း နိုင်ငံခြားသား တစ်ဦးဦး သို့မဟုတ် နိုင်ငံခြားကုမ္ပဏီတစ်ခုခုသို့ လွှဲပြောင်းရောင်းချမည်ဆိုပါက နိုင်ငံခြားရင်းနှီး မြှုပ်နှံမှုဥပဒေနှင့်အညီ ဆောင်ရွက်ခွင့်ရှိခြင်း၊

(စ) နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားကုမ္ပဏီတစ်ခုခုနှင့် ဖက်စပ်လုပ်ငန်းတည်ထောင်လုပ်ကိုင်လိုပါက နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ လုပ်ကိုင်ဆောင်ရွက်ခွင့်ရှိခြင်း၊

(ဆ) နိုင်ငံတော်နှင့် စာချုပ်ချုပ်ဆိုရမည့် လုပ်ငန်းများတွင် လုပ်ငန်းသဘောသဘာဝအရ ဘီအိုတီ၊ ဘီတီအို၊ ဘီအိုအို စနစ် အပါအဝင် အခြားအလားတူစနစ်တစ်ရပ်ရပ်ဖြင့် အဆိုပြုခွင့်ရှိခြင်း၊

(ဇ) မူလအဆိုပြုချက်ပါ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းကို တိုးချဲ့ခြင်း သို့မဟုတ် မတည်ငွေရင်းတိုးမြှင့်ခြင်းများကို ကော်မရှင်၏ခွင့်ပြုချက် ရယူ၍ လုပ်ကိုင်ဆောင်ရွက်ခွင့်ရှိခြင်း၊

(ဈ) စီးပွားရေးလုပ်ငန်းကို အဆိုပြုချက်နှင့်အညီ အောင်မြင်စွာဆောင်ရွက်နိုင်ရန် သို့မဟုတ် ရထိုက်ခွင့်ရှိသော အခွင့်အရေးများကို ရရှိနိုင်ရန်အလို့ငှာ ကော်မရှင်၏အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်တစ်ရပ်ရပ်ကို ပြန်လည်သုံးသပ်ပြင်ဆင်ပေးရန် ကော်မရှင်သို့ တင်ပြခွင့်ရှိခြင်း၊

(ည) တည်ဆဲဥပဒေနှင့်အညီ အကျိုးခံစားခွင့်များ ရရှိရေးအတွက်လည်းကောင်း၊ နစ်နာချက်များနှင့်စပ်လျဉ်း၍ အရေးယူပေးရေးအတွက်လည်းကောင်း ကော်မရှင်နှင့် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းသို့ တင်ပြခွင့်ရှိခြင်း၊

(ဋ) ခွင့်ပြုမိန့်ဖြင့် လုပ်ကိုင်လျက်ရှိသော ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတွင် နည်းပညာသစ်များ တီထွင်ခြင်း၊ ထုတ်ကုန်အရည်အသွေးတိုးမြှင့်ခြင်း၊ ကုန်ထုတ်စွမ်းအားမြှင့်တင်ခြင်း၊ ပတ်ဝန်းကျင်ညစ်ညမ်းမှုလျော့ချခြင်းများအတွက် အကျိုးခံစားခွင့်များ ပိုမိုရရှိစေရန် ကော်မရှင်သို့ တင်ပြလျှောက်ထားခွင့်ရှိခြင်း၊

(ဌ) နိုင်ငံတော်တစ်ဝန်းလုံးတွင် ဖွံ့ဖြိုးတိုးတက်စေရန်အလို့ငှာ စီးပွားရေးဖွံ့ဖြိုးမှုနည်းပါးပြီး ဆက်သွယ်သွားလာရေးခက်ခဲသောဒေသများ၊ သဘာဝဘေးဒဏ်ခံရလေ့ရှိသောဒေသများရှိ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံသူများအတွက် ကော်မရှင်က ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အခန်း (၁၁) ပါ အခွန်ကင်းလွတ်ခွင့်ကာလနှင့် သက်သာခွင့်ကာလများထက် ပိုမို၍ သတ်မှတ်ပေးသည်ကို ရခွင့်ရှိခြင်း၊

(ဍ) ကော်မရှင်၏ အသိအမှတ်ပြုလွှာဖြင့် ပြည်တွင်း၊ ပြည်ပဘဏ်ချေးငွေများ ရယူနိုင်ရန်အလို့ငှာ လျှောက်ထားရယူခွင့်ရှိခြင်း။

## အခန်း (၉)
## ခွင့်ပြုမိန့်လျှောက်ထားခြင်း

၁၇။ ရင်းနှီးမြှုပ်နှံသူ သို့မဟုတ် ကမကထပြုသူသည် ခွင့်ပြုမိန့်ရရှိရန် ကော်မရှင်သို့ သတ်မှတ်ချက်များနှင့်အညီ အဆိုပြုချက် တင်သွင်းရမည်။

၁၈။ ကော်မရှင်သည် -

(က) ပုဒ်မ ၁၇ အရ တင်သွင်းသော အဆိုပြုချက်ကို ရရှိပါက လိုအပ်သောစိစစ်မှုများပြုလုပ်ပြီး အဆိုပြုချက်ကို လက်ခံရရှိသည့်နေ့မှ ၁၅ ရက်အတွင်း လက်ခံခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

(ခ) အဆိုပြုချက်ကို လက်ခံပါက ခွင့်ပြုမိန့်ကို ရက်ပေါင်း ၉၀ အတွင်း ထုတ်ပေးရမည်။

(ဂ) တင်သွင်းထားသော အဆိုပြုလွှာများကို ခိုင်လုံသောအကြောင်းပြချက်မရှိဘဲ သုံးသပ်ဆုံးဖြတ်ရန် ပျက်ကွက်ပါက ပျက်ကွက်သည့် မည်သည့်တာဝန်ရှိပုဂ္ဂိုလ်မဆို နိုင်ငံ့ဝန်ထမ်းဥပဒေနှင့်အညီ အရေးယူခြင်းခံရမည်။

## အခန်း (၁၀)
## အမှုထမ်းများနှင့်အလုပ်သမားများ ခန့်ထားခြင်း

၁၉။ ရင်းနှီးမြှုပ်နှံသူသည် -

(က) နိုင်ငံသားဝန်ထမ်းများအား လုပ်ငန်းကျွမ်းကျင်မှုတိုးတက်လာစေရေးအတွက် လေ့ကျင့်ပေးခြင်း၊ သင်တန်းပေးခြင်းတို့ကို စီစဉ်ဆောင်ရွက်ပေးရမည်။

(ခ) အလုပ်သမားစုဆောင်းခြင်းကို အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံးမှလည်းကောင်း၊ ပြည်တွင်းအလုပ်အကိုင်ရှာဖွေရေး ကိုယ်စားလှယ်များမှလည်းကောင်း၊ ရင်းနှီးမြှုပ်နှံသူ၏အစီအစဉ်ဖြင့်လည်းကောင်း ဆောင်ရွက်ရမည်။

(ဂ) ကျွမ်းကျင်သူအလုပ်သမားများ၊ အတတ်ပညာရှင်များနှင့် ဝန်ထမ်းများခန့်ထားရာတွင် တည်ဆဲအလုပ်သမားဆိုင်ရာဥပဒေ၊ နည်းဥပဒေနှင့်အညီ အလုပ်ခန့်ထားမှုဆိုင်ရာသဘောတူညီချက်စာချုပ်ကို အလုပ်ရှင်နှင့် အလုပ်သမားတို့ နှစ်ဦးနှစ်ဖက် လက်မှတ်ရေးထိုး၍ ခန့်ထားရမည်။

(ဃ) အမှုထမ်းများနှင့် အလုပ်သမားများကို ခန့်ထားရာ၌ အလုပ်ခန့်ထားမှုဆိုင်ရာသဘောတူညီချက်စာချုပ်ကို တည်ဆဲအလုပ်သမားဆိုင်ရာဥပဒေနှင့်အညီ ချုပ်ဆိုရမည်။

(င) အလုပ်ခန့်ထားမှုဆိုင်ရာသဘောတူညီချက်စာချုပ်ပါ အလုပ်ရှင်နှင့် အလုပ်သမားတို့၏ အခွင့်အရေးနှင့် တာဝန်များကိုလည်းကောင်း၊ အလုပ်အကိုင်ဆိုင်ရာစည်းကမ်းချက်များကိုလည်းကောင်း သတ်မှတ်ရာ၌ အနည်းဆုံးလုပ်ခလစာ၊ ခွင့်ရက်၊ အလုပ်ပိတ်ရက်၊ အချိန်ပိုလုပ်ခ၊ နစ်နာကြေး၊ အလုပ်သမားလျော်ကြေး၊ လူမှုဖူလုံရေးနှင့် အလုပ်သမားများနှင့် သက်ဆိုင်သည့် အခြားအာမခံထားရှိခြင်းတို့ အပါအဝင် တည်ဆဲအလုပ်သမားဆိုင်ရာဥပဒေများပါ အခွင့်အရေးများရရှိရေးအတွက် ဆောင်ရွက်ပေးရမည်။

(စ) အလုပ်ရှင်အချင်းချင်း၊ အလုပ်သမားအချင်းချင်း၊ အလုပ်ရှင်နှင့် အလုပ်သမား၊ အလုပ်သမားနှင့် အတတ်ပညာရှင် သို့မဟုတ် ဝန်ထမ်းတို့အကြား ပေါ်ပေါက်လာသည့် အငြင်းပွားမှုများကို သက်ဆိုင်ရာတည်ဆဲဥပဒေများနှင့်အညီ ဖြေရှင်းရမည်။

## အခန်း (၁၁)
## ကင်းလွတ်ခွင့်နှင့်သက်သာခွင့်များ

၂၀။ ကော်မရှင်သည် နိုင်ငံသားများ၏ ရင်းနှီးမြှုပ်နှံမှုများကို အားပေးအထောက်အကူပြုရန်အလို့ငှာ ရင်းနှီးမြှုပ်နှံသူအား အောက်ပါအခွန်ကင်းလွတ်ခွင့်နှင့် သက်သာခွင့်များအနက် ပုဒ်မခွဲ (က) ပါ အခွန်ကင်းလွတ်ခွင့်ကို ခွင့်ပြုရမည်။ ထို့ပြင် ကျန်ရှိသော အခွန်ကင်းလွတ်ခွင့် သက်သာခွင့်တစ်ရပ်ရပ်ကိုဖြစ်စေ၊ တစ်ရပ်ရပ်ထက်ပို၍ဖြစ်စေ၊ အားလုံးကိုဖြစ်စေ ခံစားခွင့်ပြုရန် တင်ပြလျှောက်ထားလာလျှင် ခွင့်ပြုနိုင်သည် -

(က) ကုန်ထုတ်လုပ်ငန်း သို့မဟုတ် ဝန်ဆောင်မှုလုပ်ငန်းတစ်ခုခု စီးပွားဖြစ်စတင်သောနှစ် အပါအဝင် တစ်ဆက်တည်း ငါးနှစ်အထိ ဝင်ငွေခွန်ကင်းလွတ်ခွင့်၊

(ခ) နိုင်ငံတော်မှ အထူးလိုအပ်ချက်အရ ဆောင်ရွက်သော လုပ်ငန်းများအတွက် ကော်မရှင်မှ ထပ်မံသတ်မှတ်ပေးသည့် ကင်းလွတ်ခွင့်နှင့်သက်သာခွင့်၊

(ဂ) ပုဒ်မခွဲ (က) အရ လုပ်ငန်းမှရရှိသည့် အမြတ်ငွေကို ပြန်လည်ရင်းနှီးမြှုပ်နှံရန်အတွက် သီးသန့်ရန်ပုံငွေထား၍ တစ်နှစ်အတွင်း ယင်းလုပ်ငန်း၌ ပြန်လည်ရင်းနှီးမြှုပ်နှံလျှင် ထိုအမြတ်ငွေအပေါ်တွင် ဝင်ငွေခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်၊

(ဃ) ကုန်ထုတ်လုပ်ငန်းတစ်ခုခုက ထုတ်လုပ်သည့်ပစ္စည်းကို ပြည်ပသို့ တင်ပို့ရောင်းချလျှင် ထိုသို့ တင်ပို့ရောင်းချ၍ရရှိသော အမြတ်ငွေပေါ်တွင် ၅၀ ရာခိုင်နှုန်းအထိ ဝင်ငွေခွန်သက်သာခွင့်၊

(င) အမှန်တကယ်လိုအပ်၍ ဆောင်ရွက်သည့် လုပ်ငန်းဆိုင်ရာသုတေသနနှင့်ဖွံ့ဖြိုးရေးလုပ်ငန်းများ အတွက် ကုန်ကျစရိတ်ကို အခွန်စည်းကြပ်ထိုက်သောဝင်ငွေမှ နုတ်ပယ်ခွင့်၊

(စ) လုပ်ငန်းတစ်ခုချင်းအလိုက် ပုဒ်မခွဲ (က) ပါ ဝင်ငွေခွန်ကင်းလွတ်ခွင့် ခံစားပြီး တစ်ဆက်တည်း နှစ်နှစ်အတွင်း အမှန်တကယ်ပေါ်ပေါက်သည့် အရှုံးငွေကို ယင်းသို့ အရှုံးပေါ်ပေါက်သည့်နှစ်မှစ၍ တစ်ဆက်တည်း သုံးနှစ်ကာလအထိ သယ်ယူခုနှိမ်ခွင့်၊

(ဆ) လုပ်ငန်းစတင်တည်ဆောက်မှုကာလအတွင်း အမှန်တကယ်အသုံးပြုရန် လိုအပ်၍ တင်သွင်းသော ယာဉ်ယန္တရား၊ စက်ပစ္စည်း၊ စက်ကိရိယာ၊ အသုံးအဆောင်တန်ဆာပလာ၊ စက်ကိရိယာအစိတ်အပိုင်း၊ စက်အရန်ပစ္စည်း၊ လုပ်ငန်းသုံးပစ္စည်းများအပေါ်တွင် အကောက်ခွန်ဖြစ်စေ၊ အခြားပြည်တွင်းအခွန်အကောက်များဖြစ်စေ၊ နှစ်မျိုးလုံးကိုဖြစ်စေ ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်၊

(ဇ) ဝင်ငွေခွန်စည်းကြပ်ရန်ကိစ္စအလို့ငှာ ယာဉ်ယန္တရား၊ စက်ပစ္စည်း၊ စက်ကိရိယာ၊ အဆောက်အအုံ သို့မဟုတ် လုပ်ငန်းသုံးအခြားမတည်ပစ္စည်းများအပေါ်တွင် နိုင်ငံတော်က သတ်မှတ်ထားသည့် ပစ္စည်းတန်ဖိုး လျော့တွက်နှုန်းများအတိုင်း တွက်ချက်ပြီး ပစ္စည်းတန်ဖိုးလျော့တွက်ငွေကို အမြတ်ငွေထဲမှ နုတ်ပယ်ခွင့်၊

(ဈ) လုပ်ငန်းတည်ဆောက်မှုပြီးစီး၍ ပထမသုံးနှစ်အတွင်း ကုန်ထုတ်လုပ်ရန် တင်သွင်းသည့် ကုန်ကြမ်းများအပေါ်တွင် အကောက်ခွန်ဖြစ်စေ၊ အခြားပြည်တွင်းအခွန်အကောက်များဖြစ်စေ၊ နှစ်မျိုးလုံးကို ဖြစ်စေ ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်၊

(ည) ကော်မရှင်၏ခွင့်ပြုချက်ဖြင့် ရင်းနှီးမြှုပ်နှံမှုပမာဏ တိုးမြှင့်ပြီး မူလရင်းနှီးမြှုပ်နှံသည့်လုပ်ငန်းကို ခွင့်ပြုထားသည့် သက်တမ်းကာလအတွင်း အမှန်တကယ်အသုံးပြုရန် လိုအပ်၍ တင်သွင်းသော ယာဉ်ယန္တရားများ၊ စက်ပစ္စည်းများ၊ စက်ကိရိယာများ၊ အသုံးအဆောင်တန်ဆာပလာများ၊ စက်ကိရိယာအစိတ်အပိုင်းများ၊ စက်အရန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများအပေါ်တွင် အကောက်ခွန်ဖြစ်စေ၊ အခြားပြည်တွင်းအခွန်အကောက်များဖြစ်စေ၊ နှစ်မျိုးလုံးကိုဖြစ်စေ ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်၊

(ဋ) ပြည်ပသို့တင်ပို့ရန် ထုတ်လုပ်သည့်ပစ္စည်းများအပေါ် ကုန်သွယ်လုပ်ငန်းခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်။

## အခန်း (၁၂)
## အာမခံချက်များ

၂၁။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ခွင့်ပြုမိန့်ဖြင့် ဖွဲ့စည်းသည့် စီးပွားရေးလုပ်ငန်းများကို နိုင်ငံပိုင် သိမ်းယူခြင်းမပြုဟု အာမခံသည်။

၂၂။ ရင်းနှီးမြှုပ်နှံသူ၏မတည်ငွေရင်းတွင် နိုင်ငံခြားချေးငွေပါရှိခဲ့ပါက ယင်းချေးငွေကို သတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာဘဏ်သို့ ပြန်လည်ပေးဆပ်ခွင့်ပြုရန် ပြည်ထောင်စုအစိုးရအဖွဲ့က အာမခံသည်။

၂၃။ ကော်မရှင်၏ခွင့်ပြုမိန့်အရ ဆောင်ရွက်လျက်ရှိသည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတစ်ခုအား ခွင့်ပြုချက် သက်တမ်းမကုန်မီ ခိုင်လုံသောအကြောင်းကိစ္စမရှိဘဲ ရပ်ဆိုင်းခြင်းမပြုရန် ပြည်ထောင်စုအစိုးရအဖွဲ့က အာမခံသည်။

## အခန်း (၁၃)
## မြေအသုံးပြုခွင့်

၂၄။ ကော်မရှင်သည် နိုင်ငံတော်ထံမှ မြေငှားရမ်းလုပ်ကိုင်ခွင့်ရရှိသော ရင်းနှီးမြှုပ်နှံသူအား မြေအသုံးပြုခွင့်ကာလကို စီးပွားရေးလုပ်ငန်း၊ စက်မှုလုပ်ငန်း သို့မဟုတ် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းအမျိုးအစားနှင့် ရင်းနှီးမြှုပ်နှံမှုပမာဏအပေါ် မူတည်၍ ကနဦး နှစ် ၅၀ အထိ ခွင့်ပြုနိုင်သည်။

၂၅။ ကော်မရှင်သည် ပုဒ်မ ၂၄ အရ ခွင့်ပြုထားသော သက်တမ်းကုန်ဆုံးပြီးနောက် ဆက်လက်လုပ်ကိုင်လိုသော ရင်းနှီးမြှုပ်နှံသူအား ရင်းနှီးမြှုပ်နှံမှုပမာဏနှင့် လုပ်ငန်းအမျိုးအစားပေါ် မူတည်၍ တစ်ဆက်တည်း သက်တမ်းတိုးခွင့် ၁၀ နှစ် နှစ်ကြိမ် တိုးမြှင့်ပေးနိုင်သည်။

၂၆။ ကော်မရှင်သည် နယ်စပ်မျဉ်းမှ ၁၀ မိုင်အတွင်း ဆောင်ရွက်မည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအား ဒေသခံတိုင်းရင်းသားများကို အထူးအစီအစဉ်ဖြင့် ဦးစားပေးလုပ်ကိုင်ခွင့်သတ်မှတ်ပေးရမည်။

၂၇။ ကော်မရှင်သည် အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းပိုင် မြေငှားရမ်းခနှုန်းထားများနှင့်စပ်လျဉ်း၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ ကြိုတင်သဘောတူညီချက်ဖြင့် အခါအားလျော်စွာ သတ်မှတ်ပေးနိုင်သည်။

၂၈။ ကော်မရှင်သည် နိုင်ငံတော်တစ်ဝန်းလုံးတွင် ဖွံ့ဖြိုးတိုးတက်စေရန်အလို့ငှာ စီးပွားရေးဖွံ့ဖြိုးမှုနည်းပါးပြီး ဆက်သွယ်သွားလာရေးခက်ခဲသောဒေသများတွင် ရင်းနှီးမြှုပ်နှံသူများအတွက် ဤဥပဒေပါ မြေငှားရမ်းခွင့်ကာလ သို့မဟုတ် မြေအသုံးပြုခွင့်ကာလထက်ပိုမို၍ ခံစားခွင့်ရရှိစေရန် သတ်မှတ်နိုင်သည်။

## အခန်း (၁၄)
## မတည်ငွေရင်း

၂၉။ ကော်မရှင်သည် မတည်ငွေရင်းကို ဘဏ်က လက်ခံခွင့်ပြုဆောင်ရွက်ပေးသည့် ငွေကြေးအမျိုးအစားအတိုင်း ရင်းနှီးမြှုပ်နှံသူ၏အမည်ဖြင့် မှတ်ပုံတင်ရမည်။ ထိုသို့ မှတ်ပုံတင်ရာတွင် မတည်ငွေရင်းအမျိုးအစားများကို ဖော်ပြရမည်။

## အခန်း (၁၅)
## ငွေရေးကြေးရေးကိစ္စ

၃၀။ ရင်းနှီးမြှုပ်နှံသူသည် ရင်းနှီးမြှုပ်နှံမှုတွင် ပါဝင်သည့် နိုင်ငံခြားသုံးငွေများကို သက်ဆိုင်ရာနိုင်ငံခြားသုံးငွေဖြင့် သတ်မှတ်သည့် ငွေလဲလှယ်နှုန်းအတိုင်း နိုင်ငံတော်အတွင်းရှိ နိုင်ငံခြားဘဏ်လုပ်ငန်းလုပ်ကိုင်ခွင့်ရှိသောဘဏ်မှတစ်ဆင့် နိုင်ငံခြားသို့ လွှဲပြောင်းနိုင်ခွင့်နှင့် ပြည်တွင်းသို့ လက်ခံနိုင်ခွင့်ရှိသည်။

၃၁။ ခွင့်ပြုမိန့်ဖြင့် ဖွဲ့စည်းထားသော စီးပွားရေးအဖွဲ့အစည်းတစ်ခုခုတွင် အမှုထမ်းသော နိုင်ငံခြားသားများသည် နိုင်ငံတော်အတွင်းရှိ နိုင်ငံခြားဘဏ်လုပ်ငန်း လုပ်ကိုင်ခွင့်ရှိသောဘဏ်တစ်ခုခုတွင် နိုင်ငံခြားငွေစာရင်းကိုလည်းကောင်း၊ မြန်မာကျပ်ငွေစာရင်းကိုလည်းကောင်း ဖွင့်လှစ်ဆောင်ရွက်ရမည်။

## အခန်း (၁၆)
## စီမံခန့်ခွဲရေးဆိုင်ရာပြစ်ဒဏ်များ

၃၂။ ကော်မရှင်သည် ဤဥပဒေပါ ပြဋ္ဌာန်းချက်၊ ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက် သို့မဟုတ် ခွင့်ပြုမိန့်ပါ

စည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်သည့် ရင်းနှီးမြှုပ်နှံသူအား အောက်ပါစီမံခန့်ခွဲရေးဆိုင်ရာပြစ်ဒဏ် တစ်ရပ်ရပ်ကိုဖြစ်စေ၊ ပြစ်ဒဏ်များကိုဖြစ်စေ ချမှတ်နိုင်သည် -

(က) သတိပေးခြင်း၊

(ခ) အခွန်ကင်းလွတ်ခွင့်နှင့်သက်သာခွင့်များကို ယာယီရပ်ဆိုင်းခြင်း၊

(ဂ) လုပ်ငန်းကို ကာလသတ်မှတ်၍ ဆိုင်းငံ့ထားခြင်း၊

(ဃ) ခွင့်ပြုမိန့်ကို ပြန်လည်ရုပ်သိမ်းခြင်း၊

(င) နောင်တွင် မည်သည့်ခွင့်ပြုမိန့်မျှ ထုတ်ပေးမည်မဟုတ်သော နာမည်ပျက်စီးပွားရေးလုပ်ငန်း စာရင်း၌ ထည့်သွင်းခြင်း။

## အခန်း (၁၇)
## အငြင်းပွားမှုဖြေရှင်းခြင်း

၃၃။ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းနှင့်စပ်လျဉ်း၍ အငြင်းပွားမှုတစ်စုံတစ်ရာပေါ်ပေါက်ပါက -

(က) အငြင်းပွားသူပုဂ္ဂိုလ်များအကြား ပေါ်ပေါက်လာသည့် အငြင်းပွားမှုကို ချစ်ကြည်ရင်းနှီးစွာ ဖြေရှင်း ဆောင်ရွက်ရမည်။

(ခ) ပုဒ်မခွဲ (က) အရ ဖြေရှင်း၍ပြေလည်မှုမရရှိပါက -

(၁) သက်ဆိုင်ရာစာချုပ်တွင် အငြင်းပွားမှုဖြေရှင်းနည်း သတ်မှတ်ထားခြင်းမရှိလျှင် နိုင်ငံတော်၏ တည်ဆဲဥပဒေများနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

(၂) သက်ဆိုင်ရာစာချုပ်တွင် အငြင်းပွားမှုဖြေရှင်းနည်း သတ်မှတ်ထားခြင်းရှိလျှင် ယင်းသတ်မှတ် ထားသည့် ဖြေရှင်းနည်းများနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

## အခန်း (၁၈)
## အထွေထွေ

၃၄။ ကော်မရှင်သည် မတည်ငွေရင်းကြီးမားသောလုပ်ငန်းမျိုးဖြစ်သည့် ရေနံ၊ သဘာဝဓာတ်ငွေ့နှင့် လျှပ်စစ် ဓာတ်အားထုတ်လုပ်ရောင်းချခြင်းလုပ်ငန်းမျိုးကိုလည်း နိုင်ငံသားများက ကိုယ်ပိုင်အရင်းအနှီးရှိကြောင်း သို့မဟုတ် နိုင်ငံတကာမှအရင်းအနှီးရရှိနိုင်သည့် အခွင့်အလမ်းရှိကြောင်း အဆိုပြုလာပါက ဥပဒေနှင့်အညီ ဦးစားပေးခွင့်ပြုရမည်။

၃၅။ ကော်မရှင်သည် ကော်မရှင်၏အစည်းအဝေးများကို သတ်မှတ်ချက်များနှင့်အညီ ကျင်းပရမည်။

၃၆။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို ဆောင်ရွက်နိုင်စေရန် အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုး တိုးတက်မှုဝန်ကြီးဌာနသည် ကော်မရှင်၏ -

(က) ရုံးလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်ရမည်။

(ခ) ကုန်ကျစရိတ်များကို ကျခံရမည်။

၃၇။ ဤဥပဒေမပြဋ္ဌာန်းမီက မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေ (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၄/၉၄) အရ ရင်းနှီးမြှုပ်နှံသူများအား ဤဥပဒေအရ သတ်မှတ်သည့် ရင်းနှီးမြှုပ်နှံသူများဖြစ်သည်ဟု မှတ်ယူရမည်။

၃၈။ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေ (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေ အမှတ် ၄/၉၄) အရ ကော်မရှင်၏ခွင့်ပြုမိန့်ဖြင့် လုပ်ကိုင်လျက်ရှိသော ရင်းနှီးမြှုပ်နှံသူသည် ခွင့်ပြုမိန့်ပါ

စည်းကမ်းချက်များ၊ သက်ဆိုင်ရာသဘောတူစာချုပ်ပါ စည်းကမ်းချက်များနှင့်အညီ သက်တမ်းကာလကုန်ဆုံးသည်အထိ ဆက်လက်လုပ်ကိုင်ခွင့်၊ အကျိုးခံစားခွင့်ရှိစေရမည်။

၃၉။ တည်ဆဲဥပဒေတစ်ရပ်ရပ်တွင် မည်သို့ပင်ပါရှိစေကာမူ ဤဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်နှင့်သက်ဆိုင်သည့် ကိစ္စရပ်များကို ဤဥပဒေနှင့်အညီသာ ဆောင်ရွက်ရမည်။

၄၀။ ရင်းနှီးမြှုပ်နှံသူသည် ကော်မရှင်၊ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းသို့ ပြုစုတင်ပြသောအဆိုပြုချက်နှင့်အတူ ပူးတွဲပါစာရင်းဇယားများ၊ စာချုပ်စာတမ်းအထောက်အထားများ၊ ငွေရေးကြေးရေး၊ အလုပ်သမားခန့်ထားရေးဆိုင်ရာအထောက်အထားများ စသည်တို့ကို တမင်မမှန်မကန်ဖော်ပြကြောင်းသို့မဟုတ် ထိမ်ချန်ကြောင်း ခိုင်လုံသောသက်သေခံအထောက်အထားများ ပေါ်ပေါက်လျှင် ပြစ်မှုကြောင်းအရအရေးယူခြင်းခံရမည်။

၄၁။ ဤဥပဒေက အပ်နှင်းသောလုပ်ပိုင်ခွင့်အရ ကော်မရှင်က ချမှတ်သော အဆုံးအဖြတ်သည် အပြီးအပြတ် အတည်ဖြစ်သည်။

၄၂။ ဤဥပဒေအရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များနှင့်အညီ သဘောရိုးဖြင့် ဆောင်ရွက်ကြောင်းသက်သေအထောက်အထားခိုင်လုံသည့် ကိစ္စတစ်ရပ်ရပ်အတွက် ကော်မရှင်အဖွဲ့ဝင်တစ်ဦးဦးကိုဖြစ်စေ၊ ကော်မတီ သို့မဟုတ် အဖွဲ့ငယ်၏ အဖွဲ့ဝင်တစ်ဦးဦးကိုဖြစ်စေ၊ နိုင်ငံ့ဝန်ထမ်းတစ်ဦးဦးကိုဖြစ်စေ တရားမကြောင်းဖြင့်သော်လည်းကောင်း၊ ပြစ်မှုကြောင်းဖြင့်သော်လည်းကောင်း တရားစွဲဆိုခြင်း၊ အရေးယူခြင်းမရှိစေရ။

၄၃။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် -

(က) အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် လိုအပ်သော နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းနှင့် လုပ်ထုံးလုပ်နည်းများကိုထုတ်ပြန်ရမည်။

(ခ) ကော်မရှင်သည် လိုအပ်သော အမိန့်၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။

၄၄။ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေ (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၄/၉၄) ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

၄၅။ ဤဥပဒေကို ပြဋ္ဌာန်းပြီးနောက် လိုအပ်သော နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ ပြဋ္ဌာန်းခြင်းမပြုနိုင်သေးမီကာလအတွင်း ဤဥပဒေနှင့် မဆန့်ကျင်လျှင် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေ (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၄/၉၄) အရ ထုတ်ပြန်ခဲ့သော နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများအား ဆက်လက်ကျင့်သုံးနိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**လွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၄၄/၂၀၁၃)**

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၇ ရက်

( ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၂၉ ရက် )

**လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်းဥပဒေ ထုတ်ပြန်ကြေညာခြင်း**

နိုင်ငံတော်သမ္မတက အတည်ပြုလက်မှတ်ရေးထိုးသော လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်းဥပဒေအား ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၁၁ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
လွှတ်တော်ရုံး။

**လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်းဥပဒေ**

**( ၂၀၁၃ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၉။ )**

၁၃၇၅ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၇ ရက်

( ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၂၉ ရက် )

**နိဒါန်း**

နိုင်ငံတော်၏လူဦးရေ၊ တိရစ္ဆာန်၊ အဆောက်အအုံ၊ ပစ္စည်း၊ လုပ်ငန်းစာရင်းများနှင့် စာရင်းအင်းဆိုင်ရာ အချက်အလက်များကို တိကျမှန်ကန်စွာရရှိနိုင်ရန် သန်းခေါင်စာရင်းကောက်ယူခြင်း၊ ယင်းသို့ ကောက်ယူရာတွင် နိုင်ငံတကာစံချိန်စံညွှန်းများနှင့်အညီ ကောက်ယူခြင်းနှင့် ယင်းစာရင်းဇယားများကို အခြေခံ၍ နိုင်ငံတော်၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စများတွင် အကျိုးရှိစွာအသုံးချခြင်းတို့ ပြုနိုင်ရန် ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း (၁)**

**အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤဥပဒေကို **လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်းဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **အစိုးရအဖွဲ့**ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရအဖွဲ့ကို ဆိုသည်။

(ခ) **သန်းခေါင်စာရင်း**ဆိုရာတွင် လူ၊ တိရစ္ဆာန်၊ အဆောက်အအုံ၊ ပစ္စည်း၊ လုပ်ငန်းစာရင်းများနှင့် စာရင်းအင်းဆိုင်ရာအချက်အလက်များ ပါဝင်သည်။

(ဂ) **အဆောက်အအုံ**ဆိုရာတွင် လူနေထိုင်ရာနေရာ၊ တိရစ္ဆာန်ထားရာနေရာ၊ ပစ္စည်းထားရာနေရာနှင့် အလုပ်လုပ်ရာနေရာတို့ ပါဝင်သည်။

(ဃ) **အိမ်ထောင်ဦးစီး**ဆိုသည်မှာ ဤဥပဒေပါကိစ္စအလို့ငှာ အိမ်ထောင်စုအတွက် ဦးစီးတာဝန်ယူရသူကို ဆိုသည်။

( င ) **စာရင်းကောက်**ဆိုသည်မှာ သန်းခေါင်စာရင်းကောက်ယူရာတွင် သတ်မှတ်ထားသော စာရင်းကောက် နယ်နိမိတ်အတွင်း တစ်အိမ်တက်ဆင်းသွားရောက်ပြီး ပုံစံပါမေးခွန်းများကို မေးမြန်း၍ ပုံစံ ရေးသွင်းသူကိုလည်းကောင်း၊ ပုံစံနှင့်ရေးသွင်းနည်းညွှန်ကြားချက်များကို အိမ်ထောင်စုတိုင်းသို့ ကြိုတင်ဝေငှထားပြီး အိမ်ထောင်ဦးစီး သို့မဟုတ် အိမ်ထောင်စု၏တာဝန်ရှိသူ အိမ်ထောင်စုဝင်များ ကိုယ်တိုင် အဖြေများကို ရေးသွင်းစေ၍ ယင်းပုံစံများကို ပြန်လည်သိမ်းဆည်းသူကိုလည်းကောင်း ဆိုသည်။

( စ ) **စာရင်းစစ်**ဆိုသည်မှာ သန်းခေါင်စာရင်းကောက်ယူရာတွင် သတ်မှတ်ထားသောဒေသအတွင်း စာရင်းကောက်များကို ကြီးကြပ်စစ်ဆေးသူကို ဆိုသည်။

(ဆ) **ဝန်ကြီးဌာန**ဆိုသည်မှာ ပြည်ထောင်စုအစိုးရ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီး ဌာနကို ဆိုသည်။

( ဇ ) **ဝန်ကြီး**ဆိုသည်မှာ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးကို ဆိုသည်။

(ဈ) **တာဝန်ရှိသည့်အဖွဲ့အစည်း**ဆိုသည်မှာ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပြည်သူ့အင်အားဦးစီးဌာနကို ဆိုသည်။

## အခန်း (၂)
## သန်းခေါင်စာရင်းကောက်ယူခွင့်

၃။ အစိုးရအဖွဲ့သည် -

(က) မြန်မာနိုင်ငံတစ်ဝန်းလုံးတွင်ဖြစ်စေ၊ တစ်စိတ်တစ်ဒေသတွင်ဖြစ်စေ သန်းခေါင်စာရင်း ကောက်ယူ နိုင်သည်။

( ခ ) သန်းခေါင်စာရင်းကောက်ယူရန် ခက်ခဲသောနေရာဒေသများအတွက် ကောက်ယူနိုင်မည့်နည်းလမ်း များကို လေ့လာသုံးသပ်၍ အသင့်လျော်ဆုံးနည်းဖြင့် ကောက်ယူနိုင်သည်။

၄။ သန်းခေါင်စာရင်းကောက်ယူရာတွင် နိုင်ငံတကာစံချိန်စံညွှန်းများနှင့် ညီညွတ်မှုရှိစေရန်အတွက် ကုလသမဂ္ဂစာရင်းအင်းကော်မရှင်က ကမ္ဘာတစ်ဝန်း အတည်ပြုသတ်မှတ်ထားသောမူများ၊ အကြံပြုချက် များကို ထည့်သွင်းဆောင်ရွက်ရမည်။

## အခန်း (၃)
## ဗဟိုသန်းခေါင်စာရင်းကော်မရှင် ဖွဲ့စည်းခြင်းနှင့် ယင်း၏တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၅။ အစိုးရအဖွဲ့သည် ပုဒ်မ ၃ အရ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းကို ဆောင်ရွက်ရန် ဗဟို သန်းခေါင်စာရင်းကော်မရှင်ကို ဖွဲ့စည်းရမည်။

၆။ နိုင်ငံတော်သမ္မတက တာဝန်ပေးအပ်သော ဒုတိယသမ္မတတစ်ဦးသည် ဗဟိုသန်းခေါင်စာရင်း ကော်မရှင်၏ နာယကဖြစ်သည်။

၇။ အစိုးရအဖွဲ့သည် အောက်ပါပုဂ္ဂိုလ်များဖြင့် ဗဟိုသန်းခေါင်စာရင်းကော်မရှင်ကို ဖွဲ့စည်းရမည် -

(က) ပြည်ထောင်စုဝန်ကြီး ဥက္ကဋ္ဌ
လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန

(ခ) သက်ဆိုင်ရာဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီးများ ဒုတိယဥက္ကဋ္ဌနှစ်ဦး

(ဂ) သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းနှင့် ဆက်စပ်ဆောင်ရွက်ရမည့်ဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများ အဖွဲ့ဝင်များ

(ဃ) ဒုတိယဝန်ကြီး လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန အတွင်းရေးမှူး

၈။ ဗဟိုသန်းခေါင်စာရင်းကော်မရှင်၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) သန်းခေါင်စာရင်းကောက်ယူရန် ကြိုတင်ပြင်ဆင်ခြင်း၊ စာရင်းကောက်ခြင်း၊ စာရင်းပြုစုခြင်းနှင့် စာရင်းထုတ်ပြန်ခြင်းတို့ ပါဝင်သော သန်းခေါင်စာရင်းလုပ်ငန်းတစ်ရပ်လုံး ပြီးမြောက်အောင်မြင်စေရန် အစိုးရအဖွဲ့၏မူဝါဒနှင့်အညီ ဦးဆောင်မှုပေးခြင်း၊

(ခ) သန်းခေါင်စာရင်းကောက်ယူရေးအတွက် တာဝန်ရှိသည့်အဖွဲ့အစည်းက တင်ပြသည့် အသေးစိတ်အစီအစဉ်နှင့် ညွှန်ကြားချက်များကို အတည်ပြုခြင်း၊

(ဂ) သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဃ) ဗဟိုသန်းခေါင်စာရင်းကော်မတီ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု သန်းခေါင်စာရင်းကော်မတီများကို ဖွဲ့စည်းခြင်းနှင့် ယင်းတို့၏လုပ်ငန်းတာဝန်များကို သတ်မှတ်ခြင်း၊

(င) သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်း အောင်မြင်ရေးအတွက် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ခြင်း။

၉။ ဗဟိုသန်းခေါင်စာရင်းကော်မရှင်၏လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းများ ဆောင်ရွက်ရန် မည်သည့်ရုံး၊ ဌာန၊ အဖွဲ့အစည်းနှင့် ကိုယ်စားလှယ်လုပ်ငန်းတို့ကိုမဆို တာဝန်ပေးအပ်ခြင်း၊

(ခ) သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းနှင့်စပ်လျဉ်း၍ အများပြည်သူအား ပညာပေးခြင်း၊ စည်းရုံးခြင်းနှင့် လှုပ်ရှားဆောင်ရွက်ခြင်း၊

(ဂ) သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်း ဆောင်ရွက်ရန် စာရင်းစစ်များနှင့် စာရင်းကောက်များကို ခန့်အပ်တာဝန်ပေးခြင်းနှင့် တာဝန်မှပြန်လည်ရုပ်သိမ်းခြင်း၊

(ဃ) သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းကို ဆောင်ရွက်ရန် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပမှ အစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(င) ပုဒ်မခွဲ (ဃ) ပါ ဌာန၊ အဖွဲ့အစည်းများမှ လိုအပ်သော နည်းပညာနှင့်ကူညီထောက်ပံ့မှုများ ရယူ၍ စီမံခန့်ခွဲခြင်း၊ အသုံးပြုခြင်းနှင့် ရန်ပုံငွေတစ်ရပ် ထူထောင်ခြင်း။

## အခန်း (၄)
## သန်းခေါင်စာရင်းကောက်ယူခြင်း

၁၀။ ဝန်ကြီးသည် သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းများကို ကြီးကြပ်ဆောင်ရွက်ရန် ပြည်သူ့အင်အားဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ကို သန်းခေါင်စာရင်းတာဝန်ခံအဖြစ် ခန့်အပ်ရမည်။

၁၁။ သန်းခေါင်စာရင်းတာဝန်ခံအရာရှိသည် -

(က) သန်းခေါင်စာရင်းမှ ရရှိထားသော အချက်အလက်များကို ဆောလျင်စွာထုတ်ပြန်ကြေညာရမည်။

( ခ ) မေးခွန်းပုံစံများကို လက်ခံခြင်း၊ စာရင်းဇယားများ ပြုစုခြင်း၊ အချက်အလက်များ သိမ်းဆည်းခြင်းနှင့် အစီရင်ခံစာများ ပုံနှိပ်ဖြန့်ဝေခြင်းတို့ကို ကြီးကြပ်ရမည်။

( ဂ ) ပုဒ်မခွဲ (ခ) အရ ပြုစုထားသော အစီရင်ခံစာများတွင် လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၏ ကိုယ်ရေးအကြောင်းအရာကို ဖော်ထုတ်ခြင်းမရှိစေရန် ကာကွယ်ရမည်။

၁၂။ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်း ဆောင်ရွက်ရာတွင် -

(က) သက်ဆိုင်ရာတာဝန်ရှိအဖွဲ့၊ စာရင်းစစ်များနှင့် စာရင်းကောက်များသည် တာဝန်ကျရာဒေသ၌ အဆောက်အအုံများအတွင်းသို့ သတ်မှတ်ချိန်အတွင်း ဝင်ရောက်ခွင့်နှင့် အဆောက်အအုံများတွင် လိုအပ်သည့် အမှတ်အသားများကို ပြုလုပ်ခွင့်ရှိသည်။

( ခ ) စာရင်းကောက်က သတ်မှတ်ထားသောဒေသအတွင်းရှိ ပြည်သူများအား သတ်မှတ်ထားသော မေးခွန်းများ မေးမြန်းခြင်းနှင့် သတ်မှတ်ထားသောစာရင်းပုံစံများတွင် ဖြည့်သွင်းစေခြင်းများ ဆောင်ရွက်ရာ၌ မေးခွန်းမေးမြန်းခြင်းခံရသူသည် မှန်ကန်စွာဖြေဆိုရန်နှင့် ဖြေကြားချက်များကို စာရင်းပုံစံများတွင် မှန်ကန်စွာဖြည့်သွင်းရန် တာဝန်ရှိသည်။

( ဂ ) မေးခွန်းကို ဖြေဆိုသူသည် အိမ်ထောင်ဦးစီး သို့မဟုတ် အိမ်ထောင်စု၏ တာဝန်ရှိသူအိမ်ထောင်စုဝင် ဖြစ်ရမည်။

၁၃။ ဗဟိုသန်းခေါင်စာရင်းကော်မရှင်က သန်းခေါင်စာရင်းကောက်ယူရန်အလို့ငှာ စာရင်းစစ်များနှင့် စာရင်းကောက်များကို ခန့်အပ်တာဝန်ပေးရာတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများမှ အောက်ပါပုဂ္ဂိုလ်များနှင့် ညှိနှိုင်း၍ စာရင်းစစ်များနှင့် စာရင်းကောက်များအဖြစ် ခန့်အပ်တာဝန်ပေးနိုင်သည် -

(က) တပ်ရင်းတပ်ဖွဲ့ဌာနချုပ်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အကျဉ်းထောင်၊ ဆေးရုံ၊ စက်ရုံ၊ အလုပ်ရုံများ၏ တာဝန်ရှိသူ၊

( ခ ) လူမှုရေး၊ ဘာသာရေးနှင့် ပညာရေးဆိုင်ရာဌာနအဖွဲ့အစည်းများ၏ တာဝန်ရှိသူ၊

( ဂ ) ဟိုတယ်၊ မိုတယ်၊ ဧည့်ဂေဟာ၊ တည်းခိုခန်း၊ စုပေါင်းအိမ်ရာ၊ စုပေါင်းပိုင်အဆောက်အအုံ၊ အဆောင်၊ အသင်းအဖွဲ့ပိုင်အဆောက်အအုံ စသည်တို့၏ တာဝန်ခံ သို့မဟုတ် မန်နေဂျာ၊

(ဃ) စီးပွားရေးလုပ်ငန်းများ၏ တာဝန်ခံ သို့မဟုတ် မန်နေဂျာ။

## အခန်း (၅)
## တားမြစ်ချက်များ

၁၄။ သန်းခေါင်စာရင်းကောက်ယူထားသော အချက်အလက်များနှင့်စပ်လျဉ်းသည့် စာရွက်စာတမ်းနှင့် စာအုပ်များကို သန်းခေါင်စာရင်းကောက်ယူရန် တာဝန်ရှိသူမှအပ မည်သူမျှ စစ်ဆေးခြင်း သို့မဟုတ် ကူးယူသိမ်းဆည်းခြင်း မပြုရ။

၁၅။ ဤဥပဒေအရ သန်းခေါင်စာရင်းကောက်ယူသည့် အချက်အလက်များကို သန်းခေါင်စာရင်းဆိုင်ရာကိစ္စမှတစ်ပါး အခြားမည်သည့်ကိစ္စအတွက်မျှ အသုံးပြုခြင်း သို့မဟုတ် စစ်ဆေးခြင်းမပြုရ။

၁၆။ မည်သူမျှ -

(က) ပုဒ်မ ၁၂၊ ပုဒ်မခွဲ (က) အရ သက်ဆိုင်ရာတာဝန်ရှိအဖွဲ့၊ စာရင်းစစ်များနှင့် စာရင်းကောက်များက သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းအတွက် အဆောက်အအုံအတွင်းသို့ သတ်မှတ်ချိန်

အတွင်း ဝင်ရောက်ခြင်းနှင့် အဆောက်အအုံများတွင် လိုအပ်သည့်အမှတ်အသားများ ပြုလုပ်ခြင်းကို နှောင့်ယှက်ခြင်း သို့မဟုတ် ဟန့်တားခြင်းမပြုရ။

(ခ) ပုဒ်မ ၁၂၊ ပုဒ်မခွဲ (ခ) အရ မေးမြန်းသောမေးခွန်းများ ဖြေဆိုရန်နှင့် သတ်မှတ်ထားသော မေးခွန်းပုံစံတွင် ဖြည့်သွင်းရန် ငြင်းဆိုခြင်း၊ သိလျက်နှင့် မှားယွင်းစွာဖြေဆိုခြင်း သို့မဟုတ် မှားယွင်းစွာဖြည့်သွင်းခြင်းမပြုရ။

(ဂ) သန်းခေါင်စာရင်းကောက်ယူသည့်အခါ မမှန်မကန်ဖြေဆိုစေရန် မေးခွန်းဖြေဆိုမည့်သူအား တိုက်တွန်းခြင်း၊ ခြိမ်းခြောက်ခြင်း သို့မဟုတ် သွေးဆောင်ဖြားယောင်းခြင်းမပြုရ။

၁၇။ မည်သည့်စာရင်းစစ် သို့မဟုတ် စာရင်းကောက်မျှ -

(က) သန်းခေါင်စာရင်းကောက်ယူရေးနှင့်စပ်လျဉ်းသည့် ပေးအပ်သောလုပ်ငန်းတာဝန်ကို ဆောင်ရွက်ရန် ခိုင်လုံသောအကြောင်းပြချက်မရှိဘဲ ငြင်းဆိုခြင်း သို့မဟုတ် ပျက်ကွက်ခြင်းမရှိရ။

(ခ) သန်းခေါင်စာရင်းကောက်ယူရာတွင် သတ်မှတ်ထားသောမေးခွန်းပုံစံတွင် မပါဝင်သောမေးခွန်းကို မေးမြန်းခြင်းမပြုရ။

(ဂ) သန်းခေါင်စာရင်းကောက်ယူရာတွင် သိရှိရသော တစ်ဦးတစ်ယောက်၏ ကိုယ်ရေးအကြောင်းအရာကို ထုတ်ဖော်ခြင်းမပြုရ။

၁၈။ မည်သူမျှ စာရင်းကောက်အဖြစ် အယောင်ဆောင်ခြင်းမပြုရ။

## အခန်း (၆)
## ပြစ်မှုနှင့်ပြစ်ဒဏ်များ

၁၉။ မည်သူမဆို ပုဒ်မ ၁၄၊ ပုဒ်မ ၁၅ နှင့် ပုဒ်မ ၁၆ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်ငါးသောင်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၂၀။ မည်သည့်စာရင်းစစ် သို့မဟုတ် စာရင်းကောက်မဆို ပုဒ်မ ၁၇ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်ငါးသောင်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၂၁။ မည်သူမဆို ပုဒ်မ ၁၈ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်ငါးသိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

## အခန်း (၇)
## အထွေထွေ

၂၂။ မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်သော အကူအညီပေးနိုင်စွမ်းရှိသူတိုင်းသည် သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းတွင် ကူညီဆောင်ရွက်ရန် တာဝန်ရှိသည်။

၂၃။ ဤဥပဒေအရ ဖွဲ့စည်းသော ဗဟိုသန်းခေါင်စာရင်းကော်မရှင်နှင့် ဗဟိုသန်းခေါင်စာရင်းကော်မတီတို့သည် ဤဥပဒေမပြဋ္ဌာန်းမီ အစိုးရအဖွဲ့က ဖွဲ့စည်းခဲ့သော ဗဟိုသန်းခေါင်စာရင်းကော်မရှင်နှင့် ဗဟိုသန်းခေါင်စာရင်းကော်မတီတို့၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များကို ဆက်ခံဆောင်ရွက်ရမည်။

၂၄။ ဗဟိုသန်းခေါင်စာရင်းကော်မရှင်အဖွဲ့ဝင်၊ ဗဟိုသန်းခေါင်စာရင်းကော်မတီဝင်၊ သန်းခေါင်စာရင်းကော်မတီအဆင့်ဆင့်၏ ကော်မတီဝင်၊ စာရင်းစစ်၊ စာရင်းကောက်နှင့် သန်းခေါင်စာရင်းကောက်ယူခြင်း

လုပ်ငန်းတွင် တာဝန်ပေးအပ်ခြင်းခံရသောပုဂ္ဂိုလ်များကို တာဝန်ထမ်းဆောင်ချိန်တွင် ပြည်သူ့ဝန်ထမ်းအဖြစ် သတ်မှတ်သည်။

၂၅။ အစိုးရအဖွဲ့သည် သန်းခေါင်စာရင်းကောက်ယူရန် လိုအပ်သော ရုံးဝန်ထမ်းအဖွဲ့များကို ဖွဲ့စည်းပေးနိုင်သည်။

၂၆။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် -

(က) ဝန်ကြီးဌာနသည် လိုအပ်ပါက နည်းဥပဒေများ၊ စည်းမျဉ်းနှင့်စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

( ခ ) ဝန်ကြီးဌာနနှင့် ဗဟိုသန်းခေါင်စာရင်းကော်မရှင်တို့သည် လိုအပ်ပါက အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၂၇။ ၁၉၇၂ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ သန်းခေါင်စာရင်းဥပဒေကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**လွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၄၇/၂၀၁၃)**

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၉ ရက်
( ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက် )

**ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေးဥပဒေ ထုတ်ပြန်ကြေညာခြင်း**

နိုင်ငံတော်သမ္မတက အတည်ပြုလက်မှတ်ရေးထိုးသော ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေးဥပဒေအား ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၁၁ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
လွှတ်တော်ရုံး။

# ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေးဥပဒေ

## ( ၂၀၁၃ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂၀။ )

၁၃၇၅ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၉ ရက်
( ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)
## အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို **ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေးဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင် ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **ငွေချေးသက်သေခံလက်မှတ်**ဆိုရာတွင် အောက်ပါတို့ ပါဝင်သည် -

(၁) အစိုးရကဖြစ်စေ၊ အစိုးရဌာနအဖွဲ့အစည်းတစ်ခုခုကဖြစ်စေ ထုတ်ဝေသည့် သို့မဟုတ် ထုတ်ဝေရန် စီစဉ်ဆောင်ရွက်သည့် ငွေတိုက်လက်မှတ်များ၊ ငွေတိုက်စာချုပ်များ၊ ငွေချေးစာချုပ်များနှင့် ဒီဘင်ချာများ၊

(၂) အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်း၊ နိုင်ငံခြားအစိုးရနှင့် ယင်းတို့၏အဖွဲ့အစည်းများက ထုတ်ဝေသည့် ငွေတိုက်လက်မှတ်များ၊ ငွေတိုက်စာချုပ်များ၊ ငွေချေးစာချုပ်များနှင့် ဒီဘင်ချာများ၊

(၃) အများနှင့်သက်ဆိုင်သော ကုမ္ပဏီများက ထုတ်ဝေသည့် သို့မဟုတ် ထုတ်ဝေရန် စီစဉ်ဆောင်ရွက်သည့် ရှယ်ယာများ၊ စတော့များ၊ ငွေချေးစာချုပ်များနှင့် ဒီဘင်ချာများ၊ ယင်းတို့နှင့် သက်ဆိုင်သည့် အခွင့်အရေးများ၊ ရွေးချယ်ခွင့်များနှင့် ဝရမ်းများ၊

(၄) ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်က အမိန့်ကြော်ငြာစာထုတ်ပြန်၍ ငွေချေးသက်သေခံလက်မှတ်ဟု သတ်မှတ်သည့် အခြားငွေချေးသက်သေခံလက်မှတ်များနှင့် စာချုပ်စာတမ်းများ။

(ခ) **ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း**ဆိုသည်မှာ အောက်ပါ ပြုလုပ်မှုတစ်ရပ်ရပ်ဆောင်ရွက်ခြင်းကို ဆိုသည် -

(၁) ငွေချေးသက်သေခံလက်မှတ်များ ကိုယ်ပိုင်ရောင်းဝယ်ခြင်း၊

(၂) ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းတွင် အကျိုးဆောင် သို့မဟုတ် ကိုယ်စားလှယ်အဖြစ် ဆောင်ရွက်ခြင်း၊

(၃) ငွေချေးသက်သေခံလက်မှတ်များကို တာဝန်ခံ၍ တစ်ဆင့်ဖြန့်ချိရောင်းချခြင်း၊

(၄) ငွေချေးသက်သေခံလက်မှတ် ရင်းနှီးမြှုပ်နှံမှုအတွက် အကြံဉာဏ်ပေးခြင်း၊

(၅) ငွေချေးသက်သေခံလက်မှတ်များ အပ်နှံမှုလက်ခံခြင်းနှင့် စာရင်းရှင်းလင်းခြင်း၊

(၆) ကော်မရှင်က အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းဟု သတ်မှတ်သည့်လုပ်ငန်း ဆောင်ရွက်ခြင်း။

(ဂ) **ငွေချေးသက်သေခံလက်မှတ်များ ကိုယ်ပိုင်ရောင်းဝယ်ခြင်း**ဆိုသည်မှာ ငွေချေးသက်သေခံလက်မှတ် ကုမ္ပဏီက **ကိုယ်ပိုင်စာရင်း**ကို အသုံးပြု၍ ငွေချေးသက်သေခံလက်မှတ်များ ရောင်းချခြင်းနှင့် ဝယ်ယူခြင်းတို့ကို ဆိုသည်။

(ဃ) **ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းတွင် အကျိုးဆောင် သို့မဟုတ် ကိုယ်စားလှယ်အဖြစ် ဆောင်ရွက်ခြင်း**ဆိုသည်မှာ မိမိ၏လုပ်ငန်းနှင့် ဆက်သွယ်ဆောင်ရွက်သူများကိုယ်စား ငွေချေးသက်သေခံလက်မှတ်များ ရောင်းချခြင်း သို့မဟုတ် ဝယ်ယူခြင်းပြုရာတွင် ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီက ကော်မရှင်၊ အခကြေးငွေ သို့မဟုတ် အခြားဝန်ဆောင်ခရယူ၍ ကြားခံအဖြစ် ဆောင်ရွက်ပေးခြင်းကို ဆိုသည်။

(င) **ငွေချေးသက်သေခံလက်မှတ်များကို တာဝန်ခံ၍ တစ်ဆင့်ဖြန့်ချိရောင်းချခြင်း**ဆိုသည်မှာ ကုမ္ပဏီတစ်ခု၏ ငွေချေးသက်သေခံလက်မှတ်များကို အများပြည်သူသို့ ရောင်းချရာတွင် ငွေချေး

သက်သေခံလက်မှတ်အားလုံး သို့မဟုတ် တစ်စိတ်တစ်ပိုင်းကို တာဝန်ခံ၍ ဆောင်ရွက်ခြင်း သို့မဟုတ် ငွေချေးသက်သေခံလက်မှတ်များကို ထုတ်ဝေသူက အများပြည်သူသို့ ဖြန့်ဖြူးရောင်းချရာတွင် ကူညီဆောင်ရွက်ခြင်းကို ဆိုသည်။

( စ ) **ငွေချေးသက်သေခံလက်မှတ် ရင်းနှီးမြှုပ်နှံမှုအတွက် အကြံဉာဏ်ပေးခြင်း**ဆိုသည်မှာ ငွေချေးသက်သေခံလက်မှတ်များတွင် ရင်းနှီးမြှုပ်နှံမှုအတွက် အကြံဉာဏ်များကို အခကြေးငွေရယူ၍ ဆောင်ရွက်ပေးခြင်းကို ဆိုသည်။

(ဆ) **ငွေချေးသက်သေခံလက်မှတ်များ အပ်နှံမှုလက်ခံခြင်းနှင့် စာရင်းရှင်းလင်းခြင်း**ဆိုသည်မှာ လုပ်ငန်းနှင့် ဆက်သွယ်ဆောင်ရွက်သူများက အပ်နှံသည့် ငွေချေးသက်သေခံလက်မှတ်များကို လက်ခံခြင်း၊ လုပ်ငန်းနှင့်ဆက်သွယ်ဆောင်ရွက်သူများ၏ ငွေချေးသက်သေခံလက်မှတ်များကို လုံခြုံစွာသိမ်းဆည်းခြင်း၊ လုပ်ငန်းနှင့်ဆက်သွယ်ဆောင်ရွက်သူများသို့ ငွေချေးသက်သေခံလက်မှတ်များကို ပေးအပ်ခြင်း၊ ငွေချေးသက်သေခံလက်မှတ်များနှင့်စပ်လျဉ်း၍ ပိုင်ရှင်၏အခွင့်အရေးများကို အသုံးပြုနိုင်ရန် လုပ်ငန်းနှင့်ဆက်သွယ်ဆောင်ရွက်သူများကို ကူညီဆောင်ရွက်ပေးခြင်းနှင့် ရောင်းဝယ်မှုပြီးမြောက်သည့် ငွေချေးသက်သေခံလက်မှတ်များကို ယင်းနှင့်ဆက်နွှယ်မှုရှိသည့် ဝန်ဆောင်မှုများ ဆောင်ရွက်ပေးခြင်း အပါအဝင် အပြီးသတ်ရှင်းလင်းပေးခြင်းနှင့် ပေးဝေခြင်းတို့ကို ဆိုသည်။

( ဇ ) **ငွေချေးသက်သေခံလက်မှတ်ဈေးကွက်**ဆိုသည်မှာ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကို ပုံမှန်လုပ်ကိုင်လျက်ရှိသည့် ဈေးကွက် သို့မဟုတ် နေရာကို ဆိုသည်။ ယင်းစကားရပ်တွင် ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကို ပုံမှန်လုပ်ကိုင်သည့်စနစ်တစ်ရပ်လည်း ပါဝင်သည်။

(ဈ) **ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီ**ဆိုသည်မှာ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကို လုပ်ကိုင်ရန် တည်ဆဲဥပဒေနှင့်အညီ ဖွဲ့စည်းထားသည့် လီမိတက်ကုမ္ပဏီကို ဆိုသည်။

(ည) **စတော့အိပ်ချိန်း**ဆိုသည်မှာ ယင်းစတော့အိပ်ချိန်းတွင် စာရင်းဝင်ရန် အရည်အချင်းပြည့်မီသော ငွေချေးသက်သေခံလက်မှတ်များအတွက် ငွေချေးသက်သေခံလက်မှတ်များ ရောင်းဝယ်မှုစနစ်နှင့် နည်းလမ်းများကို ပံ့ပိုးခြင်းဖြင့် စုစည်းဆောင်ရွက်သော ငွေချေးသက်သေခံလက်မှတ်ဈေးကွက်ကို ဆိုသည်။

( ဋ ) **ကောင်တာဈေးကွက်**ဆိုသည်မှာ စာရင်းမဝင်သော ငွေချေးသက်သေခံလက်မှတ်များ ရောင်းဝယ်ခြင်းအား စုစည်းဆောင်ရွက်သည့်ဈေးကွက်ကို ဆိုသည်။

( ဌ ) **ရှယ်ယာ**ဆိုသည်မှာ အများနှင့်သက်ဆိုင်သောကုမ္ပဏီတစ်ခု၏ မတည်ငွေရင်းတွင် ပါဝင်သည့် အစုရှယ်ယာကို ဆိုသည်။ ယင်းစကားရပ်တွင် ရှယ်ယာနှင့် စတော့ကို ခွဲခြားဖော်ပြခြင်းမရှိလျှင် စတော့လည်း ပါဝင်သည်။

( ဍ ) **ဝရမ်း**ဆိုသည်မှာ သတ်မှတ်ထားသောနေ့တွင် သတ်မှတ်ထားသောဈေးနှုန်းဖြင့် ကိုင်ဆောင်ထားသူက ရှယ်ယာများကို လဲလှယ်ဝယ်ယူပိုင်ခွင့်ရှိသည့် ငွေချေးသက်သေခံလက်မှတ်ကို ဆိုသည်။

( ဎ ) **ပဋိညာဉ်မှတ်တမ်း**ဆိုသည်မှာ ငွေချေးသက်သေခံလက်မှတ်များကို ရောင်းဝယ်ခြင်းနှင့်စပ်လျဉ်း၍ အကျိုးဆောင် သို့မဟုတ် ကိုယ်စားလှယ်အဖြစ် ဆောင်ရွက်သည့် ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီက ယင်း၏လုပ်ငန်းနှင့်ဆက်သွယ်ဆောင်ရွက်သူများနှင့် ငွေချေးသက်သေခံလက်မှတ်များထုတ်ဝေသည့် ကုမ္ပဏီများသို့ ပေးပို့သည့် ငွေချေးသက်သေခံလက်မှတ်များရောင်းဝယ်မှုကို အတည်ပြုကြောင်း အချက်အလက်စုံလင်စွာပါဝင်သည့် ရှင်းလင်းချက်ကို ဆိုသည်။

(ဏ) **စာရင်းဝင်ငွေချေးသက်သေခံလက်မှတ်**ဆိုသည်မှာ ရောင်းဝယ်မှုပြုလုပ်ရန် စတော့အိပ်ချိန်းတွင် မှတ်ပုံတင်ထားသော သို့မဟုတ် တရားဝင်ခွင့်ပြုထားသော ငွေချေးသက်သေခံလက်မှတ်ကို ဆိုသည်။

(တ) **လိုင်စင်**ဆိုသည်မှာ ဤဥပဒေအရ ကော်မရှင်က ထုတ်ပေးသည့် ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းလိုင်စင်ကို ဆိုသည်။

(ထ) **ကော်မရှင်**ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသော ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်ကို ဆိုသည်။

(ဒ) **ဝန်ကြီးဌာန**ဆိုသည်မှာ ပြည်ထောင်စုအစိုးရ၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနကို ဆိုသည်။

## အခန်း (၂)
## ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်တိုးတက်မှုကို အထောက်အကူပြုနိုင်ရန်၊

(ခ) နိုင်ငံတော်၏စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ရေရှည်လိုအပ်သည့် ငွေကြေးအရင်းအနှီးများစုစည်းရယူနိုင်မည့် ငွေချေးသက်သေခံလက်မှတ် ဈေးကွက်စနစ်တကျပေါ်ထွန်းစေရန်၊

(ဂ) နိုင်ငံတော်နှင့် ပုဂ္ဂလိကငွေရေးကြေးရေးလုပ်ငန်းစွမ်းဆောင်မှု မြင့်မားလာစေပြီး စီးပွားရေးကဏ္ဍကျယ်ကျယ်ပြန့်ပြန့်တိုးတက်ထွန်းကားလာစေရန်၊

(ဃ) ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ချောမွေ့စေရေးနှင့် မှန်ကန်သောနည်းလမ်းဖြင့် လုပ်ကိုင်ဆောင်ရွက်နိုင်ရေးတို့အတွက် ကြီးကြပ်ကွပ်ကဲနိုင်ရန်၊

(င) ငွေချေးသက်သေခံလက်မှတ်ဈေးကွက်တွင် ပါဝင်ဆောင်ရွက်သူများအား ဥပဒေနှင့်အညီ အကာအကွယ်ပေးနိုင်ရန်၊

(စ) အများပြည်သူ၏ ငွေကြေးရင်းနှီးမြှုပ်နှံမှုများ တိုးပွားလာစေရန် အားပေးခြင်းဖြင့် နိုင်ငံတော်၏ငွေရေးကြေးရေးဆိုင်ရာမူဝါဒများကို အထောက်အကူပြုနိုင်ရန်။

## အခန်း (၃)
## ကော်မရှင်ဖွဲ့စည်းခြင်းနှင့် ကော်မရှင်၏တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၄။ **ပြည်ထောင်စုအစိုးရအဖွဲ့သည် -**

(က) သင့်လျော်သည့်ပုဂ္ဂိုလ် အနည်းဆုံးငါးဦး ပါဝင်သော ကော်မရှင်အဖွဲ့ကို ဖွဲ့စည်းရမည်။

(ခ) ကော်မရှင်ကို ဖွဲ့စည်းရာတွင် ကော်မရှင်အဖွဲ့ဝင်များထဲမှ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့ကို တစ်ပါတည်း ရွေးချယ်ခန့်အပ်ရမည်။

(ဂ) အစိုးရဝန်ထမ်းမဟုတ်သော ကော်မရှင်အဖွဲ့ဝင်များအား ချီးမြှင့်ငွေသတ်မှတ်ခံစားခွင့်ပြုနိုင်သည်။

၅။ (က) ကော်မရှင်အဖွဲ့ဝင်များ၏ ရာထူးသက်တမ်းနှင့်စပ်လျဉ်း၍ ကော်မရှင်အဖွဲ့ဝင်နှစ်ဦးစီကနှစ်နှစ်လျှင် တစ်ကြိမ် သတ်မှတ်ချက်များနှင့်အညီ အလှည့်ကျနုတ်ထွက်ပေးရမည်။

(ခ) ပြည်ထောင်စုအစိုးရအဖွဲ့သည် လစ်လပ်သွားသည့် ကော်မရှင်အဖွဲ့ဝင်၏နေရာတွင် သင့်လျော်သည့်ပုဂ္ဂိုလ်အား အစားထိုးခန့်အပ်ခြင်း သို့မဟုတ် ရာထူးသက်တမ်းကုန်ဆုံးသွားသော ကော်မရှင်အဖွဲ့ဝင်တစ်ဦးဦးအား ဆက်လက်ခန့်အပ်ခြင်းပြုနိုင်သည်။

(ဂ) ကော်မရှင်အဖွဲ့ဝင်တစ်ဦးဦးသည် မိမိ၏ရာထူးသက်တမ်းကုန်ဆုံးသော်လည်း ပြည်ထောင်စုအစိုးရအဖွဲ့က ကော်မရှင်အဖွဲ့ဝင်အသစ် အစားထိုးခန့်အပ်ခြင်းမပြုမီ မိမိ၏လုပ်ငန်းတာဝန်များကို ဆက်လက်ဆောင်ရွက်ရမည်။

၆။ ကော်မရှင်ဥက္ကဋ္ဌသည် ကော်မရှင်၏စီမံခန့်ခွဲရေးအကြီးအမှူးအဖြစ် ဆောင်ရွက်ရမည်။

၇။ ကော်မရှင်သည် -

(က) ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းလိုင်စင်လက်မှတ် ထုတ်ပေးရန် လျှောက်ထားချက်ကို စိစစ်ပြီး လိုင်စင်ထုတ်ပေးခြင်း သို့မဟုတ် ထုတ်ပေးရန် ငြင်းပယ်ခြင်းပြုနိုင်သည်။

(ခ) လိုင်စင်ရရှိသူက တာဝန်နှင့်စည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်လျှင် လိုင်စင်ကို ကာလသတ်မှတ်ရပ်ဆိုင်းခြင်း သို့မဟုတ် ရုပ်သိမ်းခြင်းပြုနိုင်သည်။

(ဂ) လိုင်စင်သက်တမ်းတိုးမြှင့်ပေးရန် လျှောက်ထားချက်ကို စိစစ်ပြီး လိုင်စင်သက်တမ်းတိုးမြှင့်ပေးနိုင်သည်။

(ဃ) သတ်မှတ်ချက်များနှင့်အညီ လိုင်စင်ခများ၊ ဒဏ်ကြေးများ ကောက်ခံရမည်။

၈။ ကော်မရှင်သည် -

(က) စတော့အိပ်ချိန်းတည်ထောင်ခွင့်ပြုရန် လျှောက်ထားချက်ကို စိစစ်ပြီး ခွင့်ပြုမိန့်ထုတ်ပေးခြင်း သို့မဟုတ် ခွင့်ပြုရန်ငြင်းပယ်ခြင်း ပြုနိုင်သည်။

(ခ) စတော့အိပ်ချိန်းက လိုက်နာရမည့် တာဝန်နှင့်စည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်လျှင် ခွင့်ပြုမိန့်ကို ကာလသတ်မှတ်ရပ်ဆိုင်းခြင်း သို့မဟုတ် ရုပ်သိမ်းခြင်းပြုနိုင်သည်။

(ဂ) အောက်ပါအခြေအနေတစ်ရပ်ရပ် ပေါ်ပေါက်ပါက စတော့အိပ်ချိန်းအား ထုတ်ပေးထားသည့် ခွင့်ပြုမိန့်ကို ပြန်လည်ရုပ်သိမ်းနိုင်သည် -

(၁) အကြောင်းတစ်ရပ်ရပ်ကြောင့် စတော့အိပ်ချိန်းလုပ်ငန်း ရပ်စဲသွားခြင်း၊

(၂) စတော့အိပ်ချိန်းကို ဖျက်သိမ်းခြင်း၊

(၃) စတော့အိပ်ချိန်းတွင် သတ်မှတ်ထားသည့် အနည်းဆုံးပါဝင်ရမည့် ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီ အရေအတွက်အောက် လျော့နည်းသွားခြင်း၊

(၄) အခန်း (၉) ပါ တားမြစ်သည့် ပြုလုပ်မှုများအရ အများပြည်သူအကျိုးနှင့် ရင်းနှီးမြှုပ်နှံသူများအား အကာအကွယ်ပေးမှုကို သိသာထင်ရှားစွာ ထိခိုက်နစ်နာစေသောလုပ်ငန်းကို ဆောင်ရွက်ခြင်း။

၉။ ကော်မရှင်သည် -

(က) ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီနှင့် စတော့အိပ်ချိန်း၏ စာရင်းစစ်ခန့်ထားရေးအတွက် တင်ပြချက်ကို စိစစ်ပြီး ခွင့်ပြုချက်ပေးနိုင်သည်။

(ခ) စတော့အိပ်ချိန်း၏ ဖွဲ့စည်းပုံစည်းမျဉ်းနှင့် ယင်းဖွဲ့စည်းပုံစည်းမျဉ်းကို သတ်မှတ်ချက်များနှင့်အညီ ပြင်ဆင်နိုင်ရန် ခွင့်ပြုချက်ပေးနိုင်သည်။

၁၀။ ကော်မရှင်သည် စာရင်းမဝင်သော ငွေချေးသက်သေခံလက်မှတ်များ ရောင်းဝယ်ရေးအတွက် ကောင်တာဈေးကွက် တည်ထောင်ခွင့်ပြုရန် ဖွဲ့စည်းပုံစည်းမျဉ်းနှင့်အတူ သတ်မှတ်ချက်များနှင့်အညီ ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများက စုပေါင်း၍ လျှောက်ထားလာလျှင် ခွင့်ပြုမိန့်ထုတ်ပေးနိုင်သည်။

၁၁။ ကော်မရှင်သည် -

(က) ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းနှင့် သက်ဆိုင်သောကိစ္စရပ်များနှင့်စပ်လျဉ်း၍ လိုအပ်သည့် အကြံဉာဏ်များကို ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြနိုင်သည်။

(ခ) လိုအပ်သော လုပ်ငန်းကော်မတီများ၊ အဖွဲ့များကို ဖွဲ့စည်းပြီး ယင်းတို့၏လုပ်ငန်းတာဝန်များကို သတ်မှတ်ပေးနိုင်သည်။

(ဂ) ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီကိုဖြစ်စေ၊ ကောင်တာဈေးကွက်ကိုဖြစ်စေ၊ စတော့အိပ်ချိန်းကို ဖြစ်စေ လိုအပ်သလို ညွှန်ကြားနိုင်သည်။

(ဃ) ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကို ကြီးကြပ်ကွပ်ကဲရမည်။ ထို့ပြင် အခါအားလျော်စွာ စုံစမ်းမှုနှင့် စစ်ဆေးမှုများ ပြုလုပ်ရမည်။

(င) ပြည်ထောင်စုအစိုးရအဖွဲ့က ပေးအပ်သော အခြားလုပ်ငန်းတာဝန်များကို ထမ်းဆောင်ရမည်။

၁၂။ ကော်မရှင်သည် အောက်ပါအဖွဲ့အစည်းများနှင့် ပုဂ္ဂိုလ်များအား ယင်းတို့၏လုပ်ငန်းဆိုင်ရာစာရင်းများကို သက်ဆိုင်ရာမြန်မာနိုင်ငံစာရင်းကိုင်စံများနှင့်အညီ စာရင်းထိန်းသိမ်းစေရန် ကြီးကြပ်ရမည့်အပြင် ယင်းတို့ထံမှ လိုအပ်သောစာရင်းများ၊ စာရွက်စာတမ်းများ၊ ရှင်းတမ်းများ၊ အခြားအထောက်အထားများနှင့် သတင်းအချက်အလက်များကို တောင်းခံရယူနိုင်သည် -

(က) အများနှင့်သက်ဆိုင်သောကုမ္ပဏီ၊

(ခ) ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီ၊

(ဂ) ကောင်တာဈေးကွက်၊

(ဃ) စတော့အိပ်ချိန်း၊

(င) အများနှင့်သက်ဆိုင်သောကုမ္ပဏီ၊ ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီ၊ ကောင်တာဈေးကွက်နှင့် စတော့အိပ်ချိန်းတစ်ခုခု၏ တာဝန်ရှိသူ၊ အဖွဲ့ဝင်၊ ဝန်ထမ်းနှင့် ကိုယ်စားလှယ်အဖြစ် ဆောင်ရွက်နေသူ သို့မဟုတ် ဆောင်ရွက်ခဲ့ဖူးသူ၊

(စ) လိုင်စင်ရရှိသူ သို့မဟုတ် ယင်းလိုင်စင်ရရှိသူ၏ ရှေ့နေ၊ စာရင်းစစ်နှင့် ကိုယ်စားလှယ်။

၁၃။ ကော်မရှင်သည် ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း နိုင်ငံတကာအဆင့်မီ ဖွံ့ဖြိုးတိုးတက်စေရေး အတွက် သုတေသနနှင့်ဖွံ့ဖြိုးမှုလုပ်ငန်းများ ဆောင်ရွက်ခြင်းကိုလည်းကောင်း၊ နိုင်ငံတကာမှ ငွေချေး သက်သေခံလက်မှတ်လုပ်ငန်းကို ကြီးကြပ်သော အဖွဲ့အစည်းများ၊ ယင်းအဖွဲ့အစည်းတို့နှင့်ဆက်နွှယ်သော လုပ်ငန်း၊ ဌာန၊ အဖွဲ့အစည်းများနှင့် ဆက်သွယ်ခြင်းကိုလည်းကောင်း ဆောင်ရွက်နိုင်သည်။

၁၄။ ကော်မရှင်သည် ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းလုပ်ကိုင်သူများက ဤဥပဒေနှင့် ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံး လုပ်နည်းများပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်း သို့မဟုတ် လိုက်နာရမည့် တာဝန် တစ်ရပ်ရပ်ကို လိုက်နာရန် ပျက်ကွက်ကြောင်း ယုံကြည်ရန် အကြောင်းရှိလျှင်ဖြစ်စေ၊ ငွေချေးသက်သေခံ လက်မှတ်လုပ်ငန်းနှင့်စပ်လျဉ်း၍ လိမ်လည်မှု သို့မဟုတ် မသမာမှုကျူးလွန်ကြောင်း ယုံကြည်ရန် အကြောင်း ရှိလျှင်ဖြစ်စေ သက်ဆိုင်သည့် မည်သူ့ကိုမဆို ခေါ်ယူခွင့်၊ စစ်ဆေးမေးမြန်းခွင့်နှင့် သက်သေခံချက်များ ရယူခွင့်တို့ ရှိသည်။

၁၅။ ကော်မရှင်အဖွဲ့ဝင် သို့မဟုတ် ကော်မရှင်၏ဝန်ထမ်းတစ်ဦးဦးသည် လုပ်ငန်းတာဝန်များဆောင်ရွက်စဉ် ရရှိသောသတင်းအချက်အလက်များနှင့်စပ်လျဉ်း၍ တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ထုတ်ဖော်ပြောဆိုခြင်း၊ ပြသခြင်း သို့မဟုတ် ထုတ်ပြန်ကြေညာခြင်းမှတစ်ပါး အခြားမည်သူ့ကိုမျှ ထုတ်ဖော်ပြောဆိုခြင်း၊ ပြသခြင်း သို့မဟုတ် ထုတ်ပြန်ကြေညာခြင်းမပြုဘဲ လျှို့ဝှက်ထားရမည်။

## အခန်း (၄)
## ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီ

၁၆။ ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီအဖြစ် တည်ထောင်၍ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း လုပ်ကိုင်လိုသူသည် မြန်မာနိုင်ငံကုမ္ပဏီများနှင့် သက်ဆိုင်သော တည်ဆဲဥပဒေများနှင့်အညီ ကုမ္ပဏီကို ဖွဲ့စည်း၍ မှတ်ပုံတင်ထားပြီးဖြစ်ရမည်။

၁၇။ ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီကို ဖွဲ့စည်းရာတွင် -

(က) ကုမ္ပဏီ၏အမည်၌ **"ငွေချေးသက်သေခံလက်မှတ်"** ဟူသော စကားရပ် ပါရှိရမည်။

(ခ) အစုရှယ်ယာအားဖြင့် ပေးရန်တာဝန်ကန့်သတ်ထားသည့် လီမိတက်ကုမ္ပဏီအဖြစ် ဖွဲ့စည်းရမည်။

(ဂ) သတ်မှတ်ချက်များနှင့်အညီ ခွင့်ပြုမတည်ငွေရင်းနှင့် အနည်းဆုံးထည့်ဝင်ပြီး မတည်ငွေရင်း ရှိရမည်။

(ဃ) ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများနှင့် ညီညွတ်ရမည်။

၁၈။ ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီသည် ကော်မရှင်က ထုတ်ပေးသော လိုင်စင်တစ်မျိုးမျိုးရရှိလျှင် လိုင်စင်အမျိုးအစားအလိုက် ခွင့်ပြုထားသော ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကို လုပ်ကိုင်ခွင့်ရှိသည်။

၁၉။ ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီ၏ တာဝန်ရှိသူများနှင့် ဝန်ထမ်းများသည် မိမိတို့၏လုပ်ငန်းနှင့် ဆက်သွယ်ဆောင်ရွက်သူများနှင့် ဆက်ဆံရာတွင် လုပ်ငန်းစွမ်းဆောင်နိုင်မှု၊ တရားမျှတမှုရှိရမည့်အပြင် သဘောရိုးဖြင့် လုပ်ကိုင်ဆောင်ရွက်ရမည်။

၂၀။ ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီသည် -

(က) ကုမ္ပဏီ၏ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းဆိုင်ရာစာရင်းနှင့် မှတ်တမ်းများကို သတ်မှတ်ချက် များနှင့်အညီ ပြုစုထိန်းသိမ်းထားရှိရမည်။

(ခ) မြန်မာနိုင်ငံကုမ္ပဏီများနှင့် သက်ဆိုင်သော တည်ဆဲဥပဒေနှင့်အညီ စာရင်းစစ်ကို ခန့်ထားခြင်း မပြုမီ ကော်မရှင်၏ခွင့်ပြုချက်ကို ရယူရမည်။

(ဂ) စာရင်းစစ်အစီရင်ခံစာကို ကော်မရှင်သို့ သတ်မှတ်ချက်များနှင့်အညီ ပေးပို့ရမည်။

(ဃ) ကော်မရှင်၏ ကြိုတင်ခွင့်ပြုချက်မရရှိဘဲ ခွင့်ပြုမတည်ငွေရင်းကို လျှော့ချခြင်းမပြုရ။

(င) လုပ်ငန်းဆောင်ရွက်မှုနှင့်စပ်လျဉ်း၍ အစီရင်ခံစာကို သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ ပေးပို့ရမည်။

(စ) ငွေချေးသက်သေခံလက်မှတ်လဲလှယ်ရောင်းဝယ်ခြင်း ပြီးမြောက်သောခါ ထိုသို့လဲလှယ်ရောင်းဝယ် ခြင်းပြီးမြောက်ကြောင်း ပဋိညာဉ်မှတ်တမ်းကို မိမိကုမ္ပဏီက ဆောင်ရွက်ပေးခဲ့သည့် သက်ဆိုင်ရာ ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းသို့ သတ်မှတ်ချက်များနှင့်အညီ ပေးပို့ရမည်။

၂၁။ ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီသည် ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကို ဆောင်ရွက် ရာတွင် အများပြည်သူအကျိုးနှင့် ရင်းနှီးမြှုပ်နှံသူများအား အကာအကွယ်ပေးမှုကို ထိခိုက်စေသည့် အခန်း (၉) ပါ တားမြစ်သည့်ပြုလုပ်မှုများကို ရှောင်ကြဉ်ရမည်။

၂၂။ ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီသည် -

(က) နှစ်စဉ် ဘဏ္ဍာရေးနှစ်ကုန်ဆုံးပြီးတိုင်း အသားတင်အမြတ်ငွေထဲမှ သီးသန့်ရန်ပုံငွေတစ်ရပ်ကို သတ်မှတ်ချက်များနှင့်အညီ စုဆောင်းထားရှိရမည်။

(ခ) စုဆောင်းထားရှိသော သီးသန့်ရန်ပုံငွေအား ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း လုပ်ကိုင်ခြင်းနှင့် စပ်လျဉ်း၍ ဆုံးရှုံးနစ်နာမှုတစ်ရပ်ရပ်ကို ပေးလျော်ရန်ကိစ္စအတွက်သာ သုံးစွဲရမည်။ အခြားကိစ္စအတွက် သုံးစွဲလိုပါက ကော်မရှင်၏ကြိုတင်ခွင့်ပြုချက်ကို ရယူရမည်။

## အခန်း (၅)
## လိုင်စင်

၂၃။ လိုင်စင်အမျိုးအစားများမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ငွေချေးသက်သေခံလက်မှတ်များ ကိုယ်ပိုင်ရောင်းဝယ်ခြင်းလုပ်ငန်းလိုင်စင်၊

(ခ) ငွေချေးသက်သေခံလက်မှတ်အကျိုးဆောင် သို့မဟုတ် ကိုယ်စားလှယ်လုပ်ငန်းလိုင်စင်၊

(ဂ) ငွေချေးသက်သေခံလက်မှတ်များကို တာဝန်ခံ၍ တစ်ဆင့်ဖြန့်ချိရောင်းချခြင်းလုပ်ငန်းလိုင်စင်၊

(ဃ) ငွေချေးသက်သေခံလက်မှတ်ရင်းနှီးမြှုပ်နှံမှုအတွက် အကြံညဏ်ပေးခြင်းလုပ်ငန်းလိုင်စင်၊

(င) ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီ ကိုယ်စားလှယ်လုပ်ငန်းလိုင်စင်၊

(စ) ကော်မရှင်က အမိန့်ကြော်ငြာစာထုတ်ပြန်၍ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းဟု သတ်မှတ်သည့် အခြားလုပ်ငန်းလိုင်စင်။

၂၄။ ကော်မရှင်သည် လိုင်စင်အမျိုးအစားအလိုက် လိုအပ်သော အရည်အချင်းများနှင့် စည်းကမ်းချက်များကို သတ်မှတ်ရမည်။

၂၅။ အောက်ပါလိုင်စင်တစ်မျိုးမျိုးကိုဖြစ်စေ၊ တစ်မျိုးထက်ပို၍ဖြစ်စေ ရရှိရန် ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီကသာလျှင် ကော်မရှင်သို့ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားနိုင်သည် -

(က) ငွေချေးသက်သေခံလက်မှတ်များ ကိုယ်ပိုင်ရောင်းဝယ်ခြင်းလုပ်ငန်းလိုင်စင်၊

(ခ) ငွေချေးသက်သေခံလက်မှတ် အကျိုးဆောင် သို့မဟုတ် ကိုယ်စားလှယ်လုပ်ငန်းလိုင်စင်၊

(ဂ) ငွေချေးသက်သေခံလက်မှတ်များကို တာဝန်ခံ၍ တစ်ဆင့်ဖြန့်ချိရောင်းချခြင်းလုပ်ငန်းလိုင်စင်။

၂၆။ (က) ပုဒ်မ ၂၅ ပါ လိုင်စင်တစ်မျိုးမျိုး ရရှိထားသောငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီသည် ငွေချေးသက်သေခံလက်မှတ် ရင်းနှီးမြှုပ်နှံမှုအတွက် အကြံညဏ်ပေးခြင်းလုပ်ငန်းကို သီးခြားလိုင်စင် ရယူရန်မလိုဘဲ လုပ်ကိုင်နိုင်သည်။

(ခ) သတ်မှတ်ထားသည့် အရည်အချင်းများ၊ စည်းကမ်းချက်များနှင့် ညီညွတ်သော ပုဂ္ဂိုလ်သည် ငွေချေးသက်သေခံလက်မှတ်ရင်းနှီးမြှုပ်နှံမှုအတွက် အကြံညဏ်ပေးခြင်းလိုင်စင် ရရှိရန် ကော်မရှင်သို့ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားနိုင်သည်။

၂၇။ ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီတစ်ခု၏ ကိုယ်စားလှယ်အဖြစ် လုပ်ကိုင်လိုသူသည် ယင်းကုမ္ပဏီ၏ ထောက်ခံချက် ပူးတွဲ၍ ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီ၏ ကိုယ်စားလှယ်လုပ်ငန်း လိုင်စင်ရရှိရန် ကော်မရှင်သို့ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားနိုင်သည်။

၂၈။ ကော်မရှင်သည် -

(က) ပုဒ်မ ၂၅၊ ပုဒ်မ ၂၆ ပုဒ်မခွဲ (ခ) နှင့် ပုဒ်မ ၂၇ အရ လျှောက်ထားသည့် လိုင်စင်လျှောက်လွှာ လက်ခံရရှိသည့်အခါ လိုင်စင်အမျိုးအစားအလိုက် သတ်မှတ်ထားသောအရည်အချင်းများ၊ စည်းကမ်းချက်များနှင့် ညီညွတ်မှု ရှိ၊ မရှိ စိစစ်ပြီး လိုင်စင်ထုတ်ပေးရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ ခွင့်ပြုပါက စည်းကမ်းချက်များ သတ်မှတ်၍ လိုင်စင်ထုတ်ပေးရမည်။

၂၉။ လိုင်စင်ရရှိသူသည် ခွင့်ပြုထားသည့် ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကို လိုင်စင်သက်တမ်း ကုန်ဆုံးသည့်အခါ ဆက်လက်လုပ်ကိုင်လိုပါက လိုင်စင်သက်တမ်းမကုန်ဆုံးမီ အနည်းဆုံး ရက်ပေါင်း ၃၀ ကြိုတင်၍ ကော်မရှင်သို့ လျှောက်ထားရမည်။

၃၀။ ကော်မရှင်သည် ပုဒ်မ ၂၉ အရ လိုင်စင်သက်တမ်းတိုးမြှင့်ပေးရန် လျှောက်ထားချက်ကို စိစစ်ပြီး လိုင်စင်သက်တမ်းတိုးမြှင့်ပေးရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။

၃၁။ ကော်မရှင်သည် လိုင်စင်ခ၊ လိုင်စင်သက်တမ်းတိုးမြှင့်ခ၊ ဒဏ်ကြေးနှင့် လိုင်စင်သက်တမ်းတို့ကို သတ်မှတ်ပေးရမည်။

၃၂။ လိုင်စင်ရရှိသူသည် -

(က) ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို လိုက်နာရမည်။

(ခ) လိုင်စင်စည်းကမ်းများကို လိုက်နာရမည်။

၃၃။ လိုင်စင်ရရှိသူသည် -

(က) လိုင်စင်သက်တမ်းကုန်ဆုံးပြီး ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကို ဆက်လက်လုပ်ကိုင်ခြင်း မပြုလျှင် လိုင်စင်သက်တမ်းကုန်ဆုံးသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း လိုင်စင်ကို ကော်မရှင်သို့ ပြန်လည်အပ်နှံရမည်။

(ခ) လိုင်စင်သက်တမ်းအတွင်း ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကို လုပ်ကိုင်ခြင်းမပြုတော့ဘဲ ရပ်ဆိုင်းလျှင် ထိုသို့ရပ်ဆိုင်းကြောင်း ကော်မရှင်သို့ ၇ ရက်အတွင်း အကြောင်းကြားပြီး လိုင်စင်ကို ပြန်လည်အပ်နှံရမည်။

(ဂ) ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကို အခြားလုပ်ငန်းအဖွဲ့အစည်းနှင့် ပူးပေါင်းဖွဲ့စည်းလိုသည့် အခါဖြစ်စေ၊ ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီကို အလိုအလျောက်စာရင်းရှင်းလင်းဖျက်သိမ်း လိုသည့်အခါဖြစ်စေ ကော်မရှင်၏ခွင့်ပြုချက်ကို ကြိုတင်ရယူပြီးမှ ဆောင်ရွက်ရမည်။

(ဃ) ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီပိုင် ပစ္စည်းများအား တရားရုံးက ဝရမ်းကပ်ထားခြင်း၊ ပစ္စည်းထိန်းခန့်ထား၍ ထိန်းသိမ်းထားခြင်းပြုသည့်ကာလတွင် လုပ်ငန်းကို ရပ်ဆိုင်းထားရမည်။

၃၄။ ကော်မရှင်သည် လိုင်စင်ရရှိသူက အောက်ပါအခြေအနေတစ်ရပ်ရပ် ပေါ်ပေါက်သည့်အခါ လိုင်စင်ကို ကာလသတ်မှတ်၍ ရပ်ဆိုင်းခြင်း သို့မဟုတ် ရုပ်သိမ်းခြင်းပြုနိုင်သည် -

(က) လိုင်စင်ရရှိသူက လိုင်စင်စည်းကမ်းချက်တစ်စုံတစ်ရာကို ကျူးလွန်ဖောက်ဖျက်ခြင်း သို့မဟုတ် လိုက်နာရမည့် လုပ်ငန်းတာဝန်တစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ခြင်း၊

(ခ) လိုင်စင်ကို တစ်ဆင့်ငှားရမ်းခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း၊

(ဂ) ဤဥပဒေနှင့် ဤဥပဒေအရ ထုတ်ပြန်ထားသည့် နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ခြင်း သို့မဟုတ် ဆောင်ရွက်ရမည့်လုပ်ငန်းတာဝန်တစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ခြင်း၊

(ဃ) သေဆုံးခြင်း၊ ရူးသွပ်ခြင်း သို့မဟုတ် လူမွဲအဖြစ် ကြေညာခံရခြင်း၊

(င) အခန်း (၉) ပါ တားမြစ်သည့် ပြုလုပ်မှုတစ်ရပ်ရပ်အရ အများပြည်သူအကျိုးနှင့် ရင်းနှီးမြှုပ်နှံသူများအား အကာအကွယ်ပေးမှုကို ထိခိုက်စေခြင်း၊

(စ) ဘဏ္ဍာရေးနှင့်လုပ်ငန်းဆိုင်ရာစာရင်းများကို မမှန်မကန်ပြုစုခြင်းနှင့် တင်ပြအစီရင်ခံခြင်း၊

(ဆ) လိမ်လည်မှု၊ အလွဲသုံးစားမှု၊ ခိုးမှု၊ ယုံကြည်အပ်နှံရေး ဖောက်ဖျက်မှု သို့မဟုတ် ကိုယ်ကျင့်တရားနှင့် သက်ဆိုင်သောပြစ်မှုဖြင့် စီရင်ခံရခြင်း။

## အခန်း (၆)
## ငွေချေးသက်သေခံလက်မှတ်များ ထုတ်ဝေခြင်း

၃၅။ အများနှင့်သက်ဆိုင်သောကုမ္ပဏီသည် -

(က) ငွေချေးသက်သေခံလက်မှတ်များကို အများပြည်သူသို့ ကမ်းလှမ်းရောင်းချခြင်းမပြုမီ မည်ကဲ့သို့ ကမ်းလှမ်းမည်ဖြစ်ကြောင်း ကော်မရှင်သို့ တင်ပြပြီး အတည်ပြုချက်ရယူရမည်။ ကော်မရှင်သည် ရက်ပေါင်း ၆၀ အတွင်း အဆုံးအဖြတ်ပေးရမည်။

(ခ) အများပြည်သူသို့ ကမ်းလှမ်းရောင်းချသည့်အခါ ကုမ္ပဏီ၏သင်းဖွဲ့မှတ်တမ်း၊ သင်းဖွဲ့စည်းမျဉ်းနှင့် အတူ ကုမ္ပဏီ၏အရေးကြီးသောအချက်အလက်များ ပါဝင်သည့် အလားအလာညွှန်းတမ်းကိုပါ ထုတ်ပြန်ကြေညာရမည်။

၃၆။ ကော်မရှင်သည် အများနှင့်သက်ဆိုင်သော ကုမ္ပဏီများက ငွေချေးသက်သေခံလက်မှတ်များ အသစ် ထုတ်ဝေခြင်းနှင့်စပ်လျဉ်း၍ စည်းကမ်းချက်များ သတ်မှတ်နိုင်သည်။

၃၇။ အများနှင့်သက်ဆိုင်သောကုမ္ပဏီသည် ငွေချေးသက်သေခံလက်မှတ်ဈေးကွက်တွင် မိမိကုမ္ပဏီက ထုတ်ဝေသည့် ငွေချေးသက်သေခံလက်မှတ်များ ရောင်းဝယ်မှုပြီးမြောက်ကြောင်း သက်ဆိုင်ရာငွေချေး သက်သေခံလက်မှတ်ကုမ္ပဏီများက ပဋိညာဉ်မှတ်တမ်းပေးပို့၍ လက်ခံရရှိသည့်အခါ ဝယ်ယူသူက လက်ရှိ အစုရှယ်ယာဝင်၏အမည်မှ ယင်း၏အမည်သို့ ပြောင်း၍ မှတ်ပုံတင်ပေးရန် တောင်းဆိုလာလျှင် အမည် ပြောင်း၍ မှတ်ပုံတင်ပေးရမည်။

## အခန်း (၇)
## စတော့အိပ်ချိန်း

၃၈။ စတော့အိပ်ချိန်းသည် -

(က) ကော်မရှင်ထံမှ ခွင့်ပြုချက်ရရှိပြီးနောက် မြန်မာနိုင်ငံကုမ္ပဏီများနှင့် သက်ဆိုင်သော တည်ဆဲ ဥပဒေများအရ ပေးရန်တာဝန်ကန့်သတ်ထားသည့် လီမိတက်ကုမ္ပဏီ သို့မဟုတ် ဖက်စပ်လုပ်ငန်း အဖြစ် ဖွဲ့စည်းတည်ထောင်သောအဖွဲ့အစည်းဖြစ်သည်။

(ခ) ယင်း၏စာရင်းဝင်ငွေချေးသက်သေခံလက်မှတ် ရောင်းဝယ်မှုများကို စုစည်းဆောင်ရွက်ရန်နှင့် ကြီးကြပ်ကွပ်ကဲရန် တာဝန်ရှိသည်။

(ဂ) ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ လုပ်ငန်းဆောင်ရွက်ရမည်။

(ဃ) ကော်မရှင်၏စီမံအုပ်ချုပ်မှုနှင့် ကြီးကြပ်ကွပ်ကဲမှုကို ခံယူရမည်။

၃၉။ (က) စတော့အိပ်ချိန်းတွင် ကော်မရှင်က ခန့်အပ်တာဝန်ပေးသော ငါးဦးထက်မပိုသည့် ပုဂ္ဂိုလ်များနှင့် အဖွဲ့ဝင်ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများမှ ဒါရိုက်တာအဖြစ် ထမ်းဆောင်ရန် ရွေးချယ် တင်မြှောက်သည့် ငါးဦးထက်မပိုသောပုဂ္ဂိုလ်များ ပါဝင်သည့် ဒါရိုက်တာအဖွဲ့ကို စတော့ အိပ်ချိန်း၏ ဖွဲ့စည်းပုံစည်းမျဉ်းနှင့်အညီ ဖွဲ့စည်းရမည်။

(ခ) ကော်မရှင်သည် စတော့အိပ်ချိန်း၏ ဒါရိုက်တာအဖွဲ့တွင် ခန့်အပ်တာဝန်ပေးရာ၌ လုပ်ငန်းဆောင်ရွက်မှု၊ ငွေချေးသက်သေခံလက်မှတ်များ သို့မဟုတ် ငွေရေးကြေးရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ အတွေ့အကြုံနှင့် ဗဟုသုတရှိသူများကို ရွေးချယ်ရမည်။

(ဂ) စတော့အိပ်ချိန်း၏ ဒါရိုက်တာအဖွဲ့သည် ဒါရိုက်တာတစ်ဦးအား ဥက္ကဋ္ဌအဖြစ် ရွေးချယ်ရမည်။

(ဃ) ဥက္ကဋ္ဌသည် ဒါရိုက်တာအဖွဲ့မှ တစ်ဦးအား အတွင်းရေးမှူးအဖြစ် သတ်မှတ်တာဝန်ပေးနိုင်သည်။

(င) စတော့အိပ်ချိန်းတွင် လိုအပ်သော ကော်မတီနှင့်အဖွဲ့များကို ဖွဲ့စည်းနိုင်သည်။

(စ) စတော့အိပ်ချိန်း၏ ဒါရိုက်တာအဖွဲ့အတွက် လိုအပ်သောဝန်ထမ်းများကို ခန့်အပ်ရမည်။

၄၀။ စတော့အိပ်ချိန်းသည် -

(က) ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကို ကော်မရှင်က သတ်မှတ်ထားသည့်နေရာတွင်သာ ဆောင်ရွက်ရမည်။

(ခ) ကော်မရှင်၏ကြိုတင်ခွင့်ပြုချက်ဖြင့် စာရင်းစစ်ကို ခန့်ထားရမည်။

(ဂ) စာရင်းစစ်ဆေးမှုအစီရင်ခံစာကို ကော်မရှင်သို့ နှစ်စဉ်တင်ပြရမည်။

(ဃ) ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို လိုက်နာရမည်။

၄၁။ စတော့အိပ်ချိန်းဒါရိုက်တာအဖွဲ့၏ တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကို စီမံခန့်ခွဲခြင်း၊

(ခ) မိမိစတော့အိပ်ချိန်းတွင် ရောင်းဝယ်နိုင်မည့် ငွေချေးသက်သေခံလက်မှတ်များအတွက် စာရင်းဝင်စံများ သတ်မှတ်ခြင်း၊

(ဂ) မိမိစတော့အိပ်ချိန်းတွင် ရောင်းဝယ်မည့် ငွေချေးသက်သေခံလက်မှတ်များကို မှတ်ပုံတင်ထားရှိခြင်း၊

(ဃ) မိမိစတော့အိပ်ချိန်းတွင် ရောင်းဝယ်မှုပြီးမြောက်ခဲ့သည့် ငွေချေးသက်သေခံလက်မှတ်အရောင်းအဝယ် မှတ်တမ်းများကို ပြုစုထားရှိခြင်း၊

(င) အဖွဲ့ဝင်ဖြစ်သည့် ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများနှင့် သက်ဆိုင်သော အချက်အလက်များကို မှတ်တမ်းပြုစုထားခြင်း၊

(စ) အဖွဲ့ဝင်ဖြစ်သည့် ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများက ပေးရမည့် အဖွဲ့ဝင်ကြေး၊ ရှယ်ယာစာရင်းဝင်ကြေး၊ သီးသန့်ရန်ပုံငွေနှင့် အခြားဝန်ဆောင်ခများကို သတ်မှတ်ခြင်းနှင့် ယင်းငွေများကို စနစ်တကျထိန်းသိမ်းထားရှိပြီး ဖွဲ့စည်းပုံစည်းမျဉ်းနှင့် လုပ်ငန်းဆိုင်ရာစည်းမျဉ်းများနှင့်အညီ စီမံခန့်ခွဲခြင်း၊

(ဆ) လိုအပ်သောဝန်ထမ်းများကို ခန့်အပ်တာဝန်ပေးခြင်း၊

(ဇ) အဖွဲ့ဝင်ဖြစ်သည့် ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများ၏ လုပ်ငန်းဆောင်ရွက်မှုများ မှန်ကန်မှု ရှိ မရှိ စစ်ဆေးခြင်းနှင့် ကြီးကြပ်ခြင်း။

၄၂။ စတော့အိပ်ချိန်းဒါရိုက်တာအဖွဲ့၏ လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီတစ်ခုက မိမိစတော့အိပ်ချိန်းတွင် အဖွဲ့ဝင်အဖြစ် ပါဝင်ခွင့်ပြုရန် လျှောက်ထားချက်ကို စိစစ်၍ ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း၊

(ခ) စတော့အိပ်ချိန်းအတွက် အနည်းဆုံးထားရှိရမည့် အဖွဲ့ဝင်ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီ အရေအတွက်ကို သတ်မှတ်ပေးခြင်း၊

(ဂ) အဖွဲ့ဝင်ဖြစ်သည့် ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများ၏ အခွင့်အရေးနှင့် တာဝန်များကို သတ်မှတ်ပေးခြင်း၊

(ဃ) လိုလောက်သောအကြောင်းရှိပါက မိမိစတော့အိပ်ချိန်း၏ ရောင်းဝယ်မှုများကို ယာယီရပ်ဆိုင်းခြင်းနှင့် အဖွဲ့ဝင်တစ်ဦးဦး၏ ငွေချေးသက်သေခံလက်မှတ်ရောင်းဝယ်မှုများကို ယာယီတားမြစ်ခြင်း၊

(င) စတော့အိပ်ချိန်းတွင် ဆက်လက်၍ ပါဝင်ဆောင်ရွက်ရန်မသင့်သော ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီကို အဖွဲ့ဝင်အဖြစ်မှ ဆိုင်းငံ့ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း၊

(စ) အဖွဲ့ဝင်အချင်းချင်းဖြစ်စေ၊ အဖွဲ့ဝင်တစ်ဦးဦးနှင့် အခြားပုဂ္ဂိုလ်များအကြားဖြစ်စေ ငွေချေးသက်သေခံလက်မှတ်ရောင်းဝယ်ခြင်းနှင့်စပ်လျဉ်း၍ အငြင်းပွားမှုပေါ်ပေါက်ပါက ဖြေရှင်းဆုံးဖြတ်ပေးခြင်း။

၄၃။ စတော့အိပ်ချိန်းသည် မိမိ၏ဖွဲ့စည်းပုံစည်းမျဉ်းကို ပြင်ဆင်လိုလျှင်ဖြစ်စေ၊ အသစ်ရေးဆွဲလျှင်ဖြစ်စေ၊ လုပ်ငန်းဆိုင်ရာစည်းမျဉ်းကို ပြင်ဆင်လိုလျှင်ဖြစ်စေ ကော်မရှင်၏ခွင့်ပြုချက်ကို ကြိုတင်ရယူပြီးမှ သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရမည်။

## အခန်း (၈)
## ကောင်တာဈေးကွက်

၄၄။ ကောင်တာဈေးကွက်တည်ထောင်လိုသည့် သုံးခုအောက်မနည်းသော ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများသည် ကော်မရှင်သို့ စုပေါင်းလျှောက်ထားပြီး ခွင့်ပြုချက်ရရှိသည့်အခါ ကောင်တာဈေးကွက်ကို တည်ထောင်နိုင်သည်။

၄၅။ (က) ပုဒ်မ ၄၄ အရ ကော်မရှင်၏ခွင့်ပြုချက်ဖြင့် ကောင်တာဈေးကွက်ကို တည်ထောင်သည့်အခါ အဖွဲ့ဝင်ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများက ရွေးချယ်တင်မြှောက်သည့် ငါးဦးထက် မပိုသော အဖွဲ့ဝင်များပါဝင်သည့် ဒါရိုက်တာအဖွဲ့ကို ဖွဲ့စည်းရမည်။

(ခ) ကောင်တာဈေးကွက်၏ ဒါရိုက်တာအဖွဲ့သည် ဒါရိုက်တာအဖွဲ့မှတစ်ဦးအား ဥက္ကဋ္ဌအဖြစ် ရွေးချယ်ရမည်။

(ဂ) ကောင်တာဈေးကွက်ဥက္ကဋ္ဌသည် ဒါရိုက်တာအဖွဲ့မှ တစ်ဦးအား အတွင်းရေးမှူးအဖြစ် သတ်မှတ်တာဝန်ပေးနိုင်သည်။

၄၆။ ကော်မရှင်၏ခွင့်ပြုချက်အရ တည်ထောင်သော ကောင်တာဈေးကွက်သည် ကိုယ်ပိုင်အမည်၊ ကိုယ်ပိုင်တံဆိပ်ဖြင့် စဉ်ဆက်မပြတ် ဆောင်ရွက်ပိုင်ခွင့်၊ တရားစွဲဆိုခွင့်နှင့် တရားစွဲဆိုခံခွင့်ရှိသည်။

၄၇။ ကောင်တာဈေးကွက်သည် ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို လိုက်နာရမည်။

၄၈။ ကောင်တာဈေးကွက်၏ လုပ်ငန်းဆောင်ရွက်မှုမှာ အခန်း (၉) ပါ တားမြစ်သည့် ပြုလုပ်မှုများအရ အများပြည်သူအကျိုးနှင့် ရင်းနှီးမြှုပ်နှံသူများအား အကာအကွယ်ပေးမှုကို ထင်ရှားစွာထိခိုက်နစ်နာစေလျှင် ကော်မရှင်သည် ကောင်တာဈေးကွက်အား ထုတ်ပေးထားသည့် ခွင့်ပြုမိန့်ကို ကာလသတ်မှတ်၍ ရပ်ဆိုင်းခြင်း သို့မဟုတ် ရုပ်သိမ်းခြင်းပြုနိုင်သည်။

## အခန်း (၉)
## တားမြစ်သည့်ပြုလုပ်မှုများ

၄၉။ အများပြည်သူအကျိုးနှင့် ရင်းနှီးမြှုပ်နှံသူများအား အကာအကွယ်ပေးမှုကို ထိခိုက်စေသော ပြုလုပ်မှုများမှာ အောက်ပါတို့ဖြစ်သည် -

(က) ငွေချေးသက်သေခံလက်မှတ်များနှင့် ငွေချေးသက်သေခံလက်မှတ်ဈေးကွက်တွင် လုပ်ဆောင်မှုများဖြစ်သော ငွေချေးသက်သေခံလက်မှတ်များကို အများပြည်သူသို့ ကမ်းလှမ်းရောင်းချခြင်း၊ စာရင်းဝင်ခြင်း၊ ရောင်းချခြင်း၊ ဝယ်ယူခြင်း၊ ရောင်းဝယ်မှုပြုခြင်း၊ ရင်းနှီးမြှုပ်နှံမှုပြုခြင်း၊ ဝန်ဆောင်မှုပေးခြင်းများနှင့်စပ်လျဉ်း၍ လှည့်စားမှု သို့မဟုတ် ဩဇာလွှမ်းမိုးမှုကို ကြီးမားစွာဖြစ်စေသည့် လိမ်လည်ခြင်း၊ လှည့်စားခြင်း၊ မှားယွင်းသည့်ဖော်ပြချက်များ ပြုလုပ်ခြင်း၊ အရေးကြီးသော အချက်အလက်များကို ထိမ်ချန်ထားခြင်းပြုရာတွင် တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ပါဝင်ပတ်သက်ခြင်း၊

(ခ) ငွေချေးသက်သေခံလက်မှတ်များကို ဝယ်ယူရန် သို့မဟုတ် ရောင်းချရန် အခြားသူများကို လှုံ့ဆော်မှု သို့မဟုတ် သွေးဆောင်ဖြားယောင်းမှုပြုရန်အလို့ငှာ မမှန်ကန်သော သတင်းအချက်အလက်များကို ဖွင့်ဟအသိပေးခြင်း သို့မဟုတ် ဈေးကွက်အတွင်းရှိ ငွေချေးသက်သေခံလက်မှတ်များ၏ ဈေးနှုန်းကို ကြီးမားစွာသက်ရောက်မှုရှိစေသည့် မပြည့်စုံသော၊ အချိန်အခါမသင့်သော သတင်းအချက်အလက်များကို ဖွင့်ဟအသိပေးခြင်း၊

(ဂ) မိမိ၏ကိုယ်ပိုင်စာရင်းအတွက် သို့မဟုတ် အခြားပုဂ္ဂိုလ်များအတွက် ငွေချေးသက်သေခံလက်မှတ်များ ဝယ်ယူခြင်း၊ ရောင်းချခြင်းပြုရန် အတွင်းသတင်းအချက်အလက်များကို အသုံးပြုခြင်း၊ အတွင်းသတင်းအချက်အလက်များကို ဖွင့်ဟအသိပေးခြင်း သို့မဟုတ် ထုတ်ပေးခြင်း၊ ဖွင့်ဟအသိပေးခြင်းမရှိသည့် အတွင်းသတင်းအချက်အလက်များကို အခြေခံ၍ အခြားပုဂ္ဂိုလ်များအား ငွေချေးသက်သေခံလက်မှတ်များ ဝယ်ယူရန် သို့မဟုတ် ရောင်းချရန် အကြံဉာဏ်များပေးခြင်း၊

(ဃ) မမှန်ကန်သော ရောင်းလိုအားနှင့် ဝယ်လိုအားကို ဖန်တီး၍ ငွေချေးသက်သေခံလက်မှတ်များကို ဝယ်ယူခြင်း၊ ရောင်းချခြင်းပြုလုပ်ရာတွင် ပူးပေါင်းကြံစည်ခြင်း သို့မဟုတ် ငွေချေးသက်သေခံလက်မှတ်များ၏ဈေးနှုန်းကို ကြိုးကိုင်ခြယ်လှယ်ရန် အခြားသူများနှင့်ပူးပေါင်းကြံစည်၍ သို့မဟုတ် အခြားသူများအား သွေးဆောင်ဖြားယောင်း၍ စဉ်ဆက်မပြတ် ဝယ်ယူခြင်း၊ ရောင်းချခြင်းနှင့် ရောင်းဝယ်မှုနည်းလမ်းများကို အသုံးပြုခြင်း။

## အခန်း (၁၀)
## ငွေချေးသက်သေခံလက်မှတ်များအပ်နှံမှုလက်ခံခြင်းနှင့် စာရင်းရှင်းလင်းခြင်းလုပ်ငန်း

၅၀။ (က) ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီသည် ငွေချေးသက်သေခံလက်မှတ်အပ်နှံမှု လက်ခံခြင်းနှင့် စာရင်းရှင်းလင်းခြင်းလုပ်ငန်းများကို လုပ်ကိုင်လိုပါက ခွင့်ပြုမိန့်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ လျှောက်ထားရမည်။

(ခ) ကော်မရှင်သည် ပုဒ်မခွဲ (က) အရ လျှောက်ထားချက်ကို စိစစ်ပြီး စည်းကမ်းချက်များ သတ်မှတ်၍ ခွင့်ပြုမိန့်ထုတ်ပေးခြင်း သို့မဟုတ် ခွင့်ပြုမိန့်ထုတ်ပေးရန် ငြင်းပယ်ခြင်းပြုနိုင်သည်။

၅၁။ စတော့အိပ်ချိန်းသည် ငွေချေးသက်သေခံလက်မှတ်များ အပ်နှံမှုလက်ခံခြင်းနှင့် စာရင်းရှင်းလင်းခြင်းလုပ်ငန်းများကို လုပ်ကိုင်လိုပါက ကော်မရှင်၏ခွင့်ပြုမိန့်ရယူရန်မလိုဘဲ လုပ်ကိုင်နိုင်သည်။ သို့ရာတွင် ထိုလုပ်ငန်းများကို လုပ်ကိုင်ပါက ကော်မရှင်သို့ အသိပေးတင်ပြရမည်။

၅၂။ ဝန်ကြီးဌာနသည် ငွေချေးသက်သေခံလက်မှတ်များ အပ်နှံမှုလက်ခံခြင်းနှင့် စာရင်းရှင်းလင်းခြင်း လုပ်ငန်းကို လုပ်ကိုင်နိုင်ရေးအတွက် လိုအပ်ပါက သင့်လျော်သည့်အစိုးရဌာန သို့မဟုတ် အဖွဲ့အစည်းတစ်ခုခု အား စည်းကမ်းချက်များ သတ်မှတ်၍ တာဝန်ပေးနိုင်သည်။

## အခန်း (၁၁)
## အယူခံခြင်း

၅၃။ (က) ပုဒ်မ ၄၂ ပါ စတော့အိပ်ချိန်းဒါရိုက်တာအဖွဲ့၏ လုပ်ပိုင်ခွင့်အရ ချမှတ်သောဆုံးဖြတ်ချက်ကို မကျေနပ်သူသည် ထိုဆုံးဖြတ်ချက်ကို ချမှတ်သည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ကော်မရှင်သို့ အယူခံဝင်နိုင်သည်။

(ခ) ကော်မရှင်က ပုဒ်မခွဲ (က) အရ အယူခံမှုကို စိစစ်ပြီး စတော့အိပ်ချိန်းဒါရိုက်တာအဖွဲ့၏ ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် အခြားသင့်လျော်သောဆုံးဖြတ်ချက် တစ်ရပ်ရပ် ချမှတ်ခြင်းပြုနိုင်သည်။

## အခန်း (၁၂)
## တားမြစ်ချက်နှင့်ပြစ်ဒဏ်များ

၅၄။ မည်သူမျှ အခန်း (၉) ပါ တားမြစ်သည့် ပြုလုပ်မှုများကို ဖောက်ဖျက်ပြီး အများပြည်သူအကျိုးနှင့် ရင်းနှီးမြှုပ်နှံသူများအား အကာအကွယ်ပေးမှုကို ထိခိုက်နစ်နာစေရန် မပြုလုပ်ရ။

၅၅။ မည်သူမျှ -

(က) လုပ်ငန်းလိုင်စင်မရှိဘဲ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းတစ်ခုခုကို လုပ်ကိုင်ခြင်းမပြုရ။

(ခ) ကော်မရှင်၏ခွင့်ပြုမိန့်မရရှိဘဲ ကောင်တာဈေးကွက်ကိုဖြစ်စေ၊ စတော့အိပ်ချိန်းကိုဖြစ်စေ ဖွဲ့စည်း တည်ထောင်ခြင်း၊ ကောင်တာဈေးကွက် သို့မဟုတ် စတော့အိပ်ချိန်း၏လုပ်ငန်းများ၊ ကောင်တာ ဈေးကွက် သို့မဟုတ် စတော့အိပ်ချိန်းသဘောသက်ရောက်သော လုပ်ငန်းများကို ဆောင်ရွက်ခြင်း မပြုရ။

(ဂ) ခွင့်ပြုမိန့်ရရှိထားသော ကောင်တာဈေးကွက် သို့မဟုတ် စတော့အိပ်ချိန်း၏အမည်ကို ခွင့်ပြုချက် မရရှိဘဲ အသုံးမပြုရ သို့မဟုတ် ကောင်တာဈေးကွက် သို့မဟုတ် စတော့အိပ်ချိန်း၏အဖွဲ့ဝင်အဖြစ် အယောင်ဆောင်ခြင်းမပြုရ။

၅၆။ မည်သည့်လုပ်ငန်းလိုင်စင်ရရှိသူမျှ ရရှိထားသောလုပ်ငန်းလိုင်စင်ကို တစ်ဆင့်ငှားရမ်းခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့် လွှဲပြောင်းလုပ်ကိုင်စေခြင်းမပြုရ။

၅၇။ မည်သည့်ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီမှ တာဝန်ရှိသူမျှ မိမိ၏ကိုယ်စားလှယ်မှတစ်ပါး အခြား ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းတစ်ခုခုကို မိမိကုမ္ပဏီ၏အမည်ဖြင့် ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း လုပ်ကိုင်ခွင့်မပြုရ။

၅၈။ မည်သည့်ကော်မရှင်အဖွဲ့ဝင် သို့မဟုတ် ကော်မရှင်၏ဝန်ထမ်းမျှ မိမိတို့၏လုပ်ငန်းတာဝန်များ ဆောင်ရွက်စဉ် ရရှိသောသတင်းအချက်အလက်များနှင့်စပ်လျဉ်း၍ တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ထုတ်ဖော် ပြောဆိုခြင်း၊ ပြသခြင်း သို့မဟုတ် ထုတ်ပြန်ကြေညာခြင်းမှတစ်ပါး အခြားမသက်ဆိုင်သူတစ်ဦးဦးကို ထုတ်ဖော် ပြောဆိုခြင်း၊ ပြသခြင်း သို့မဟုတ် ထုတ်ပြန်ကြေညာခြင်းမပြုရ။

၅၉။ မည်သည့်ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီ၏ တာဝန်ရှိသူ သို့မဟုတ် ဝန်ထမ်းမျှ ကော်မရှင်၏ ခွင့်ပြုချက်မရရှိဘဲ အခြားငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီတွင်ဖြစ်စေ၊ အခြားကုမ္ပဏီ သို့မဟုတ် စီးပွားရေး အဖွဲ့အစည်းတွင်ဖြစ်စေ ပါဝင်ဆောင်ရွက်ခြင်းမပြုရ။

၆၀။ မည်သူမဆို ပုဒ်မ ၅၄ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ၁၀ နှစ်ထက်မပိုသော ထောင်ဒဏ် ချမှတ်ရမည့်ပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

၆၁။ မည်သူမဆို ပုဒ်မ ၅၅ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင် ထိုသူကို ငါးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ် ရမည်။

၆၂။ မည်သည့်လုပ်ငန်းလိုင်စင်ရရှိသူမဆို ပုဒ်မ ၅၆ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ငါးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၆၃။ မည်သည့်ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီမှ တာဝန်ရှိသူမဆို ပုဒ်မ ၅၇ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ငါးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၆၄။ မည်သည့်ကော်မရှင်အဖွဲ့ဝင် သို့မဟုတ် ကော်မရှင်၏ဝန်ထမ်းမဆို ပုဒ်မ ၅၈ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၆၅။ မည်သည့်ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီ၏ တာဝန်ရှိသူ သို့မဟုတ် ဝန်ထမ်းမဆို ပုဒ်မ ၅၉ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၆၆။ မည်သူမဆို ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

## အခန်း (၁၃)

## အထွေထွေ

၆၇။ မြန်မာနိုင်ငံတွင် ငွေချေးသက်သေခံလက်မှတ်ဈေးကွက်ကို ဤဥပဒေနှင့်အညီ ပီပြင်စွာတည်ထောင်ပြီး စနစ်တကျလုပ်ကိုင်ဆောင်ရွက်ခြင်းမပြုနိုင်မီ ကူးပြောင်းဆဲကာလအတွင်း -

(က) ပြည်ထောင်စုအစိုးရအဖွဲ့သည် ကူးပြောင်းဆဲကာလတစ်ခုကို သတ်မှတ်ပေးရမည်။ လိုအပ်ပါက ယင်းကူးပြောင်းဆဲကာလကို တိုးမြှင့်နိုင်သည်။

(ခ) ကူးပြောင်းဆဲကာလအတွင်း ကော်မရှင်နှင့် ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ် သည့် လုပ်ငန်းကို ကြီးကြပ်ကွပ်ကဲနိုင်ရန် ပြည်ထောင်စုအစိုးရအဖွဲ့သည် ဝန်ကြီးဌာနအား လွှဲအပ် တာဝန်ပေးရမည်။

(ဂ) ကူးပြောင်းဆဲကာလတွင် ဝန်ကြီးဌာနသည် ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ် သည့်လုပ်ငန်းကို ကြီးကြပ်ကွပ်ကဲရာတွင် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်နှင့် ညွှန်ကြားချက် များကို ထုတ်ပြန်နိုင်သည်။

(ဃ) မြန်မာနိုင်ငံတော် ငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေတွင် မည်သို့ပင်ပြဋ္ဌာန်းပါရှိစေကာမူ ဝန်ကြီးဌာနသည် မြန်မာ့စီးပွားရေးဘဏ်အား ငွေရေးကြေးရေးအဖွဲ့အစည်းမဟုတ်သော အဖွဲ့အစည်းတစ်ခုခုနှင့် ဖက်စပ်ကုမ္ပဏီဖွဲ့စည်းစေပြီး စတော့အိပ်ချိန်းနှင့် ကောင်တာဈေးကွက်လုပ်ငန်းများကို လုပ်ကိုင်နိုင်ရန် ခွင့်ပြုနိုင်သည်။

၆၈။ ကော်မရှင်နှင့် ကော်မရှင်၏ ရုံးလုပ်ငန်းဆိုင်ရာကုန်ကျစရိတ်များကို ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုရန်ပုံငွေမှ ကျခံသုံးစွဲရမည်။

၆၉။ ဤဥပဒေပါ ပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ် သတ်မှတ်သည်။

၇၀။ ဤဥပဒေအရ ပြစ်မှုတစ်ခုခုကို ကော်မရှင်၏ကြိုတင်ခွင့်ပြုမိန့်မရရှိဘဲ မည်သည့်တရားရုံးတွင်မျှ စစ်ဆေးစီရင်ပိုင်ခွင့် မရှိစေရ။

၇၁။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် -

(က) ဝန်ကြီးဌာနသည် ကော်မရှင်နှင့်ညှိနှိုင်းပြီး လိုအပ်သော နည်းဥပဒေ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနနှင့် ကော်မရှင်တို့သည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**[ ယခင်အပတ် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်၊ ရခိုင်ပြည်နယ်ဒေသန္တရစီမံကိန်းဥပဒေမှအဆက် ]**

ပူးတွဲ (၃)

**စစ်တွေခရိုင်၏**
**၂၀၁၃-၂၀၁၄ ခုနှစ်၊ နှစ်စဉ်စီမံကိန်းအတွက်**
**ကဏ္ဍအလိုက် ထုတ်လုပ်မှုနှင့်ဝန်ဆောင်မှု ရည်မှန်းချက်**
(၂၀၁၀-၂၀၁၁ ခုနှစ်၊ ပုံမှန်စျေးနှုန်း)

(တန်ဖိုး-ကျပ်သန်း)

| အမှတ်စဉ် | | ကဏ္ဍအမည် | ၂၀၁၂-၂၀၁၃ ခုနှစ် နှစ်စဉ်စီမံကိန်းရည်မှန်းချက် | | ၂၀၁၃-၂၀၁၄ ခုနှစ် နှစ်စဉ်စီမံကိန်းရည်မှန်းချက် | | |
|---|---|---|---|---|---|---|---|
| | | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| **၁** | | **ထုတ်လုပ်မှုတန်ဖိုး** | **၂၃၁၁၀၀. ၈** | **၄၅. ၄** | **၂၃၅၁၉၇. ၀** | **၄၃. ၈** | **၁. ၈** |
| | ၁ | လယ်ယာ | ၅၇၃၂၄. ၉ | ၁၁. ၃ | ၅၂၆၁၈. ၄ | ၉. ၈ | -၈. ၂ |
| | ၂ | သားငါး | ၄၈၄၀၅. ၂ | ၉. ၅ | ၄၈၉၉၈. ၈ | ၉. ၁ | ၁. ၂ |
| | ၃ | သစ်တော | ၁၉၆. ၁ | ၀. ၀ | ၂၀၆. ၅ | ၀. ၀ | ၅. ၃ |
| | ၄ | စွမ်းအင် | | | | | |
| | ၅ | သတ္တုနှင့်တွင်းထွက်ပစ္စည်း | ၄၂၀. ၁ | ၀. ၁ | ၃၃၈. ၆ | ၀. ၁ | -၁၉. ၄ |
| | ၆ | စက်မှုလက်မှု | ၇၁၃၀၀. ၁ | ၁၄. ၀ | ၇၆၀၁၈. ၅ | ၁၄. ၁ | ၆. ၆ |
| | ၇ | လျှပ်စစ်ဓာတ်အား | ၁၇၀၉. ၁ | ၀. ၃ | ၂၅၀၁. ၄ | ၀. ၅ | ၄၆. ၄ |
| | ၈ | ဆောက်လုပ်မှု | ၅၁၇၄၅. ၃ | ၁၀. ၂ | ၅၄၅၁၄. ၈ | ၁၀. ၁ | ၅. ၄ |
| **၂** | | **ဝန်ဆောင်မှုတန်ဖိုး** | **၂၁၁၃၇၈. ၉** | **၄၁. ၅** | **၂၃၃၈၉၂. ၆** | **၄၃. ၅** | **၁၀. ၇** |
| | ၁ | ပို့ဆောင်ရေး | ၁၆၀၈၀၇. ၁ | ၃၁. ၆ | ၁၆၁၅၂၃. ၃ | ၃၀. ၁ | ၀. ၄ |
| | ၂ | ဆက်သွယ်ရေး | ၂၆၂၆၈. ၅ | ၅. ၂ | ၄၅၃၀၉. ၀ | ၈. ၄ | ၇၂. ၅ |
| | ၃ | ငွေရေးကြေးရေး | ၃၂၃. ၁ | ၀. ၀၆ | ၄၄၀. ၅ | ၀. ၀၈ | ၃၆. ၃ |
| | ၄ | လူမှုရေးနှင့်စီမံခန့်ခွဲရေး | ၅၆၅၄. ၅ | ၁. ၁ | ၆၁၅၂. ၃ | ၁. ၁ | ၈. ၈ |
| | ၅ | ငှားရမ်းခနှင့်အခြား ဝန်ဆောင်မှု | ၁၈၃၂၅. ၇ | ၃. ၆ | ၂၀၄၆၇. ၅ | ၃. ၈ | ၁၁. ၇ |
| **၃** | | **ကုန်သွယ်မှုတန်ဖိုး** | **၆၆၉၀၁. ၂** | **၁၃. ၁** | **၆၈၃၇၈. ၆** | **၁၂. ၇** | **၂. ၂** |
| **၄** | | **အသားတင်ထုတ်လုပ်မှု တန်ဖိုး** | **၅၀၉၃၈၀. ၉** | **၁၀၀. ၀** | **၅၃၇၄၆၈. ၂** | **၁၀၀. ၀** | **၅. ၅** |

ပူးတွဲ (၃) အဆက်

**မောင်တောခရိုင်၏**

**၂၀၁၃-၂၀၁၄ ခုနှစ်၊ နှစ်စဉ်စီမံကိန်းအတွက်**

**ကဏ္ဍအလိုက် ထုတ်လုပ်မှုနှင့်ဝန်ဆောင်မှု ရည်မှန်းချက်**

(၂၀၁၀-၂၀၁၁ ခုနှစ်၊ ပုံမှန်ဈေးနှုန်း)

(တန်ဖိုး-ကျပ်သန်း)

| အမှတ်စဉ် | | ကဏ္ဍအမည် | ၂၀၁၂-၂၀၁၃ ခုနှစ် နှစ်စဉ်စီမံကိန်းရည်မှန်းချက် | | ၂၀၁၃-၂၀၁၄ ခုနှစ် နှစ်စဉ်စီမံကိန်းရည်မှန်းချက် | | |
|---|---|---|---|---|---|---|---|
| | | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| **၁** | | **ထုတ်လုပ်မှုတန်ဖိုး** | **၁၁၈၁၃၄. ၉** | **၄၆. ၂** | **၁၂၁၃၈၆. ၈** | **၄၆. ၀** | **၂. ၈** |
| | ၁ | လယ်ယာ | ၄၉၆၄၀. ၅ | ၁၉. ၄ | ၅၀၆၈၆. ၄ | ၁၉. ၂ | ၂. ၁ |
| | ၂ | သားငါး | ၂၆၀၅၃. ၁ | ၁၀. ၂ | ၂၈၀၅၈. ၀ | ၁၀. ၆ | ၇. ၇ |
| | ၃ | သစ်တော | ၆၂၀. ၄ | ၀. ၂ | ၆၄၂. ၁ | ၀. ၂ | ၃. ၅ |
| | ၄ | စွမ်းအင် | | | | | |
| | ၅ | သတ္တုနှင့်တွင်းထွက်ပစ္စည်း | ၆၆၂. ၈ | ၀. ၃ | ၆၀၄. ၄ | ၀. ၂ | -၈. ၈ |
| | ၆ | စက်မှုလက်မှု | ၂၉၂၄၈. ၁ | ၁၁. ၄ | ၃၀၁၇၅. ၉ | ၁၁. ၄ | ၃. ၂ |
| | ၇ | လျှပ်စစ်ဓာတ်အား | ၁၂၂၀. ၂ | ၀. ၅ | ၃၀၉. ၀ | ၀. ၁ | -၇၄. ၇ |
| | ၈ | ဆောက်လုပ်မှု | ၁၀၆၈၉. ၈ | ၄. ၂ | ၁၀၉၁၁. ၀ | ၄. ၁ | ၂. ၁ |
| **၂** | | **ဝန်ဆောင်မှုတန်ဖိုး** | **၉၉၃၆၂. ၆** | **၃၈. ၉** | **၁၀၂၅၇၁. ၀** | **၃၈. ၉** | **၃. ၂** |
| | ၁ | ပို့ဆောင်ရေး | ၉၂၁၀၈. ၃ | ၃၆. ၀ | ၉၃၆၇၂. ၅ | ၃၅. ၅ | ၁. ၇ |
| | ၂ | ဆက်သွယ်ရေး | ၂၂၃. ၃ | ၀. ၁ | ၈၉၀. ၆ | ၀. ၃ | ၂၉၈. ၈ |
| | ၃ | ငွေရေးကြေးရေး | ၈၁. ၅ | ၀. ၀ | ၆၀. ၁ | ၀. ၀ | -၂၆. ၃ |
| | ၄ | လူမှုရေးနှင့်စီမံခန့်ခွဲရေး | ၃၀၈၉. ၈ | ၁. ၂ | ၃၆၄၉. ၈ | ၁. ၄ | ၁၈. ၁ |
| | ၅ | ငှားရမ်းခနှင့်အခြား ဝန်ဆောင်မှု | ၃၈၅၉. ၇ | ၁. ၅ | ၄၂၉၈. ၀ | ၁. ၆ | ၁၁. ၄ |
| **၃** | | **ကုန်သွယ်မှုတန်ဖိုး** | **၃၈၂၂၇. ၄** | **၁၄. ၉** | **၃၉၆၄၅. ၉** | **၁၅. ၀** | **၃. ၇** |
| **၄** | | **အသားတင်ထုတ်လုပ်မှု တန်ဖိုး** | **၂၅၅၇၂၄. ၉** | **၁၀၀. ၀** | **၂၆၃၆၀၃. ၇** | **၁၀၀. ၀** | **၃. ၁** |

ပူးတွဲ (၃) အဆက်

**ကျောက်ဖြူခရိုင်၏**
**၂၀၁၃-၂၀၁၄ ခုနှစ်၊ နှစ်စဉ်စီမံကိန်းအတွက်**
**ကဏ္ဍအလိုက် ထုတ်လုပ်မှုနှင့်ဝန်ဆောင်မှု ရည်မှန်းချက်**
(၂၀၁၀-၂၀၁၁ ခုနှစ်၊ ပုံမှန်ဈေးနှုန်း)

(တန်ဖိုး-ကျပ်သန်း)

| အမှတ်စဉ် | | ကဏ္ဍအမည် | ၂၀၁၂-၂၀၁၃ ခုနှစ် နှစ်စဉ်စီမံကိန်းရည်မှန်းချက် | | ၂၀၁၃-၂၀၁၄ ခုနှစ် နှစ်စဉ်စီမံကိန်းရည်မှန်းချက် | | |
|---|---|---|---|---|---|---|---|
| | | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| **၁** | | **ထုတ်လုပ်မှုတန်ဖိုး** | **၁၄၄၃၆၂.၉** | **၅၄.၀** | **၁၅၉၂၆၈.၄** | **၅၂.၆** | **၁၀.၃** |
| | ၁ | လယ်ယာ | ၅၃၂၈၀.၇ | ၁၉.၉ | ၅၇၇၇၂.၅ | ၁၉.၁ | ၈.၄ |
| | ၂ | သားငါး | ၄၉၀၃၇.၄ | ၁၈.၃ | ၅၁၁၉၈.၅ | ၁၆.၉ | ၄.၄ |
| | ၃ | သစ်တော | ၂၆၉.၆ | ၀.၁ | ၃၀၀.၅ | ၀.၁ | ၁၁.၅ |
| | ၄ | စွမ်းအင် | | | ၃၂၃၅.၈ | ၁.၁ | |
| | ၅ | သတ္တုနှင့်တွင်းထွက်ပစ္စည်း | ၆၂၁.၁ | ၀.၂ | ၅၇၃.၄ | ၀.၂ | -၇.၇ |
| | ၆ | စက်မှုလက်မှု | ၂၉၃၂၄.၄ | ၁၁.၀ | ၃၃၇၁၀.၉ | ၁၁.၁ | ၁၅.၀ |
| | ၇ | လျှပ်စစ်ဓာတ်အား | ၁၄၃၆.၂ | ၀.၅ | ၉၂၄.၀ | ၀.၃ | -၃၅.၇ |
| | ၈ | ဆောက်လုပ်မှု | ၁၀၃၉၃.၅ | ၃.၉ | ၁၁၅၅၂.၈ | ၃.၈ | ၁၁.၂ |
| **၂** | | **ဝန်ဆောင်မှုတန်ဖိုး** | **၈၁၁၇၉.၄** | **၃၀.၄** | **၈၆၅၃၂.၂** | **၂၈.၆** | **၆.၆** |
| | ၁ | ပို့ဆောင်ရေး | ၆၈၁၉၁.၅ | ၂၅.၅ | ၇၁၀၂၆.၄ | ၂၃.၅ | ၄.၂ |
| | ၂ | ဆက်သွယ်ရေး | ၇၅၂.၂ | ၀.၃ | ၁၆၅၆.၇ | ၀.၅ | ၁၂၀.၂ |
| | ၃ | ငွေရေးကြေးရေး | ၈၄.၉ | ၀.၀ | ၁၀၆.၆ | ၀.၀ | ၂၅.၆ |
| | ၄ | လူမှုရေးနှင့်စီမံခန့်ခွဲရေး | ၇၁၇၀.၈ | ၂.၇ | ၈၁၇၀.၂ | ၂.၇ | ၁၃.၉ |
| | ၅ | ငှားရမ်းခနှင့်အခြားဝန်ဆောင်မှု | ၄၉၈၀.၀ | ၁.၉ | ၅၅၇၂.၃ | ၁.၈ | ၁၁.၉ |
| **၃** | | **ကုန်သွယ်မှုတန်ဖိုး** | **၄၁၇၀၁.၈** | **၁၅.၆** | **၅၆၇၇၅.၇** | **၁၈.၈** | **၃၆.၁** |
| **၄** | | **အသားတင်ထုတ်လုပ်မှုတန်ဖိုး** | **၂၆၇၂၄၄.၁** | **၁၀၀.၀** | **၃၀၂၅၇၆.၃** | **၁၀၀.၀** | **၁၃.၂** |

ပူးတွဲ (၃) အဆက်

**သံတွဲခရိုင်၏**
**၂၀၁၃-၂၀၁၄ ခုနှစ်၊ နှစ်စဉ်စီမံကိန်းအတွက်**
**ကဏ္ဍအလိုက် ထုတ်လုပ်မှုနှင့်ဝန်ဆောင်မှု ရည်မှန်းချက်**
(၂၀၁၀-၂၀၁၁ ခုနှစ်၊ ပုံမှန်ဈေးနှုန်း)

(တန်ဖိုး-ကျပ်သန်း)

| အမှတ်စဉ် | | ကဏ္ဍအမည် | ၂၀၁၂-၂၀၁၃ ခုနှစ် နှစ်စဉ်စီမံကိန်းရည်မှန်းချက် | | ၂၀၁၃-၂၀၁၄ ခုနှစ် နှစ်စဉ်စီမံကိန်းရည်မှန်းချက် | | |
|---|---|---|---|---|---|---|---|
| | | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| **၁** | | **ထုတ်လုပ်မှုတန်ဖိုး** | **၁၄၀၅၇၉.၂** | **၄၉.၄** | **၁၅၄၄၆၈.၅** | **၅၀.၄** | **၉.၉** |
| | ၁ | လယ်ယာ | ၅၂၉၂၂.၄ | ၁၈.၆ | ၅၄၉၉၃.၈ | ၁၇.၉ | ၃.၉ |
| | ၂ | သားငါး | ၄၁၂၈၂.၇ | ၁၄.၅ | ၄၄၂၅၈.၅ | ၁၄.၄ | ၇.၂ |
| | ၃ | သစ်တော | ၃၄၇၃.၉ | ၁.၂ | ၃၁၂၉.၁ | ၁.၀ | -၉.၉ |
| | ၄ | စွမ်းအင် | | | | | |
| | ၅ | သတ္တုနှင့်တွင်းထွက်ပစ္စည်း | ၅၃၈.၇ | ၀.၂ | ၆၂၇.၂ | ၀.၂ | ၁၆.၄ |
| | ၆ | စက်မှုလက်မှု | ၂၃၁၀၀.၆ | ၈.၁ | ၃၁၃၇၆.၅ | ၁၀.၂ | ၃၅.၈ |
| | ၇ | လျှပ်စစ်ဓာတ်အား | ၁၈၆၀.၉ | ၀.၇ | ၂၄၃၃.၃ | ၀.၈ | ၃၀.၈ |
| | ၈ | ဆောက်လုပ်မှု | ၁၇၄၀၀.၀ | ၆.၁ | ၁၇၆၅၀.၁ | ၅.၈ | ၁.၄ |
| **၂** | | **ဝန်ဆောင်မှုတန်ဖိုး** | **၁၀၆၈၄၄.၆** | **၃၇.၅** | **၁၁၁၀၆၉.၀** | **၃၆.၂** | **၄.၀** |
| | ၁ | ပို့ဆောင်ရေး | ၉၃၃၃၉.၂ | ၃၂.၈ | ၉၅၂၁၆.၆ | ၃၁.၀ | ၂.၀ |
| | ၂ | ဆက်သွယ်ရေး | ၈၈၈.၇ | ၀.၃ | ၁၇၆၈.၁ | ၀.၆ | ၉၉.၀ |
| | ၃ | ငွေရေးကြေးရေး | ၁၃၀.၅ | ၀.၀ | ၁၇၅.၂ | ၀.၁ | ၃၄.၃ |
| | ၄ | လူမှုရေးနှင့်စီမံခန့်ခွဲရေး | ၇၈၅၈.၂ | ၂.၈ | ၈၇၃၉.၄ | ၂.၈ | ၁၁.၂ |
| | ၅ | ငှားရမ်းခနှင့်အခြား ဝန်ဆောင်မှု | ၄၆၂၈.၀ | ၁.၆ | ၅၁၆၉.၇ | ၁.၇ | ၁၁.၇ |
| **၃** | | **ကုန်သွယ်မှုတန်ဖိုး** | **၃၇၂၂၆.၃** | **၁၃.၁** | **၄၁၂၃၅.၈** | **၁၃.၄** | **၁၀.၈** |
| **၄** | | **အသားတင်ထုတ်လုပ်မှု တန်ဖိုး** | **၂၈၄၆၅၀.၁** | **၁၀၀.၀** | **၃၀၆၇၇၃.၃** | **၁၀၀.၀** | **၇.၈** |

ပူးတွဲ (၃) အဆုံး

**မြောက်ဦးခရိုင်၏**
**၂၀၁၃-၂၀၁၄ ခုနှစ်၊ နှစ်စဉ်စီမံကိန်းအတွက်**
**ကဏ္ဍအလိုက် ထုတ်လုပ်မှုနှင့်ဝန်ဆောင်မှု ရည်မှန်းချက်**
(၂၀၁၀-၂၀၁၁ ခုနှစ်၊ ပုံမှန်ဈေးနှုန်း)

(တန်ဖိုး-ကျပ်သန်း)

| အမှတ်စဉ် | | ကဏ္ဍအမည် | ၂၀၁၂-၂၀၁၃ ခုနှစ် နှစ်စဉ်စီမံကိန်းရည်မှန်းချက် | | ၂၀၁၃-၂၀၁၄ ခုနှစ် နှစ်စဉ်စီမံကိန်းရည်မှန်းချက် | | |
|---|---|---|---|---|---|---|---|
| | | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| **၁** | | **ထုတ်လုပ်မှုတန်ဖိုး** | **၂၈၁၈၀၉.၂** | **၅၈.၀** | **၂၉၃၉၅၇.၁** | **၅၈.၃** | **၄.၃** |
| | ၁ | လယ်ယာ | ၁၀၀၉၂၆.၉ | ၂၀.၈ | ၁၀၃၈၇၉.၂ | ၂၀.၆ | ၂.၉ |
| | ၂ | သားငါး | ၄၅၀၈၁.၃ | ၉.၃ | ၄၅၆၇၈.၃ | ၉.၁ | ၁.၃ |
| | ၃ | သစ်တော | ၆၂၃.၆ | ၀.၁ | ၆၅၈.၂ | ၀.၁ | ၅.၅ |
| | ၄ | စွမ်းအင် | | | | | |
| | ၅ | သတ္တုနှင့်တွင်းထွက်ပစ္စည်း | ၆၆၇.၉ | ၀.၁ | ၆၀၆.၈ | ၀.၁ | -၉.၁ |
| | ၆ | စက်မှုလက်မှု | ၇၀၇၃၀.၉ | ၁၄.၆ | ၇၅၄၁၂.၇ | ၁၅.၀ | ၆.၆ |
| | ၇ | လျှပ်စစ်ဓာတ်အား | ၁၂၉၄.၇ | ၀.၃ | ၁၈၉၄.၉ | ၀.၄ | ၄၆.၄ |
| | ၈ | ဆောက်လုပ်မှု | ၆၂၄၈၂.၉ | ၁၂.၉ | ၆၅၈၂၇.၀ | ၁၃.၁ | ၅.၄ |
| **၂** | | **ဝန်ဆောင်မှုတန်ဖိုး** | **၁၂၁၈၆၅.၇** | **၂၅.၁** | **၁၂၆၀၁၇.၄** | **၂၅.၀** | **၃.၄** |
| | ၁ | ပို့ဆောင်ရေး | ၉၂၈၃၁.၉ | ၁၉.၁ | ၉၃၂၄၅.၄ | ၁၈.၅ | ၀.၄ |
| | ၂ | ဆက်သွယ်ရေး | ၈၇၇.၄ | ၀.၂ | ၁၅၁၃.၄ | ၀.၃ | ၇၂.၅ |
| | ၃ | ငွေရေးကြေးရေး | ၁၅၇.၄ | ၀.၀ | ၁၆၆.၉ | ၀.၀ | ၆.၀ |
| | ၄ | လူမှုရေးနှင့်စီမံခန့်ခွဲရေး | ၆၂၂၄.၇ | ၁.၃ | ၆၇၇၂.၆ | ၁.၃ | ၈.၈ |
| | ၅ | ငှားရမ်းခနှင့်အခြား ဝန်ဆောင်မှု | ၂၁၇၇၄.၃ | ၄.၅ | ၂၄၃၁၉.၁ | ၄.၈ | ၁၁.၇ |
| **၃** | | **ကုန်သွယ်မှုတန်ဖိုး** | **၈၂၁၀၉.၆** | **၁၆.၉** | **၈၃၉၂၂.၈** | **၁၆.၇** | **၂.၂** |
| **၄** | | **အသားတင်ထုတ်လုပ်မှု တန်ဖိုး** | **၄၈၅၇၈၄.၅** | **၁၀၀.၀** | **၅၀၃၈၉၇.၃** | **၁၀၀.၀** | **၃.၇** |

ပူးတွဲ (၄)

**ရခိုင်ပြည်နယ်၏**
**၂၀၁၃-၂၀၁၄ ခုနှစ်၊ နှစ်စဉ်စီမံကိန်းအတွက်**
**ကဏ္ဍကြီးများအလိုက် ထုတ်လုပ်မှုနှင့်ဝန်ဆောင်မှု ရည်မှန်းချက်**
(နှစ်အလိုက်ဈေးနှုန်း)

(တန်ဖိုး-ကျပ်သန်း)

| အမှတ်စဉ် | ကဏ္ဍကြီးများအမည် | ၂၀၁၂-၂၀၁၃ ခုနှစ် နှစ်စဉ်စီမံကိန်းရည်မှန်းချက် | | ၂၀၁၃-၂၀၁၄ ခုနှစ် နှစ်စဉ်စီမံကိန်းရည်မှန်းချက် | | |
|---|---|---|---|---|---|---|
| | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| ၁ | လယ်ယာ | ၅၇၁၃၃၈.၃ | ၂၉.၉ | ၆၀၈၂၁၄.၉ | ၂၁.၇ | ၆.၅ |
| ၂ | စက်မှု | ၄၀၈၁၈၈.၈ | ၂၁.၄ | ၁၁၈၁၈၉၅.၄ | ၄၂.၂ | ၁၈၉.၅ |
| ၃ | ဝန်ဆောင်မှု | ၉၃၁၇၃၆.၆ | ၄၈.၇ | ၁၀၀၇၆၇၁.၉ | ၃၆.၁ | ၈.၁ |
| ၄ | အသားတင်ထုတ်လုပ်မှု | ၁၉၁၁၂၆၃.၇ | ၁၀၀.၀ | ၂၇၉၇၇၈၂.၂ | ၁၀၀.၀ | ၄၆.၄ |

ပူးတွဲ (၅)

**ရခိုင်ပြည်နယ်၏**
**၂၀၁၃-၂၀၁၄ ခုနှစ်၊ နှစ်စဉ်စီမံကိန်းအတွက်**
**ကဏ္ဍအလိုက် ထုတ်လုပ်မှုနှင့်ဝန်ဆောင်မှု ရည်မှန်းချက်**
(နှစ်အလိုက်ဈေးနှုန်းအရ)

(တန်ဖိုး-ကျပ်သန်း)

| အမှတ်စဉ် | | ကဏ္ဍအမည် | ၂၀၁၂-၂၀၁၃ ခုနှစ် နှစ်စဉ်စီမံကိန်းရည်မှန်းချက် | | ၂၀၁၃-၂၀၁၄ ခုနှစ် နှစ်စဉ်စီမံကိန်းရည်မှန်းချက် | | |
|---|---|---|---|---|---|---|---|
| | | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| **၁** | | **လယ်ယာကဏ္ဍကြီး** | **၅၇၁၃၃၈. ၃** | **၂၉. ၉** | **၆၀၈၂၁၄. ၉** | **၂၁. ၇** | **၆. ၅** |
| | ၁ | လယ်ယာ | ၃၄၀၃၆၉. ၂ | ၁၇. ၈ | ၃၆၀၅၇၈. ၃ | ၁၂. ၉ | ၅. ၉ |
| | ၂ | သားငါး | ၂၂၅၆၀၀. ၉ | ၁၁. ၈ | ၂၄၂၃၆၀. ၆ | ၈. ၇ | ၇. ၄ |
| | ၃ | သစ်တော | ၅၃၆၈. ၂ | ၀. ၃ | ၅၂၇၆ | ၀. ၂ | -၁. ၇ |
| | | **စက်မှုကဏ္ဍကြီး** | **၄၀၈၁၈၈. ၈** | **၂၁. ၄** | **၁၁၈၁၈၉၅. ၄** | **၄၂. ၂** | **၁၈၉. ၅** |
| | ၄ | စွမ်းအင် | | | ၇၂၆၇၁၆. ၃ | ၂၆. ၀ | |
| | ၅ | သတ္တုနှင့်တွင်းထွက်ပစ္စည်း | ၃၀၂၁. ၈ | ၀. ၂ | ၂၈၅၅. ၅ | ၀. ၁ | -၅. ၅ |
| | ၆ | စက်မှုလက်မှု | ၂၃၈၈၀၇. ၄ | ၁၂. ၅ | ၂၇၁၆၀၉. ၁ | ၉. ၇ | ၁၃. ၇ |
| | ၇ | လျှပ်စစ်ဓာတ်အား | ၈၇၁၂. ၂ | ၀. ၅ | ၁၁၂၃၃. ၃ | ၀. ၄ | ၂၈. ၉ |
| | ၈ | ဆောက်လုပ်မှု | ၁၅၇၆၃၇. ၄ | ၈. ၂ | ၁၆၉၄၈၁. ၂ | ၆. ၁ | ၇. ၅ |
| **၂** | | **ဝန်ဆောင်မှုကဏ္ဍကြီး** | **၉၃၁၇၃၆. ၆** | **၄၈. ၇** | **၁၀၀၇၆၇၁. ၉** | **၃၆. ၁** | **၈. ၁** |
| | ၁ | ပို့ဆောင်ရေး | ၅၂၅၅၄၀ | ၂၇. ၅ | ၅၄၃၃၂၄. ၆ | ၁၉. ၄ | ၃. ၄ |
| | ၂ | ဆက်သွယ်ရေး | ၂၁၄၅၈ | ၁. ၁ | ၁၆၀၉၀. ၉ | ၀. ၆ | -၂၅. ၀ |
| | ၃ | ငွေရေးကြေးရေး | ၆၇၀. ၂ | ၀. ၀၄ | ၇၃၅. ၁ | ၀. ၀၃ | ၉. ၇ |
| | ၄ | လူမှုရေးနှင့်စီမံခန့်ခွဲရေး | ၂၉၉၉၈. ၀ | ၁. ၆ | ၃၉၆၇၂. ၂ | ၁. ၄ | ၃၂. ၂ |
| | ၅ | ငှားရမ်းခနှင့်အခြား ဝန်ဆောင်မှု | ၅၆၈၃၅. ၃ | ၃. ၀ | ၆၅၄၅၀. ၃ | ၂. ၃ | ၁၅. ၂ |
| **၃** | | **ကုန်သွယ်မှုတန်ဖိုး** | **၂၉၇၂၃၅. ၁** | **၁၅. ၆** | **၃၄၂၃၉၈. ၈** | **၁၂. ၂** | **၁၅. ၂** |
| **၄** | | **အသားတင်ထုတ်လုပ်မှု တန်ဖိုး** | **၁၉၁၁၂၆၃. ၇** | **၁၀၀. ၀** | **၂၇၉၇၇၈၂. ၂** | **၁၀၀. ၀** | **၄၆. ၄** |

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၇၅ ခုနှစ်၊ ဝါခေါင်လဆန်း ၁၀ ရက် ( ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၁၆ ရက် ) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၂

**ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**
**အမိန့်ကြော်ငြာစာအမှတ် ၂/၂၀၁၃**
၁၃၇၅ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၁ ရက်
( ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၄ ရက် )

**ပို့ဆောင်ရေးဝန်ကြီးဌာနက ဖွဲ့စည်းထားသည့်**
**စာမေးပွဲဘုတ်အဖွဲ့ (Board of Examination) များ ဆောင်ရွက်ရမည့်**
**ရေးဖြေစာမေးပွဲများကျင်းပစစ်ဆေးခြင်းဆိုင်ရာလမ်းညွှန်ချက်များ**

၁။ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနသည် မြန်မာနိုင်ငံကုန်သည်သင်္ဘောအက်ဥပဒေ ပုဒ်မ ၂၉၄၊ ပုဒ်မခွဲ (ခ) နှင့် ရေယာဉ်မှူး၊ အရာရှိများနှင့် သင်္ဘောသားများ၏ ကျွမ်းကျင်မှုနှင့်တတ်ကျွမ်းမှု လက်မှတ်များ ထုတ်ပေးခြင်းဆိုင်ရာနည်းဥပဒေများ၏ အခန်း (၄) ပါ ပြဋ္ဌာန်းချက်များအရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ပို့ဆောင်ရေးဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

၂။ ဤအမိန့်ကြော်ငြာစာသည် ရေယာဉ်မှူး၊ ရေကြောင်းအရာရှိများ၊ ရေကြောင်းအင်ဂျင်နီယာအရာရှိ များ၏ ရေးဖြေစာမေးပွဲများ စစ်ဆေးရာတွင် ပို့ဆောင်ရေးဝန်ကြီးဌာနက ဖွဲ့စည်းထားသည့် **ကုန်းပတ်အရာရှိ ကျွမ်းကျင်မှုလက်မှတ်စာမေးပွဲဘုတ်အဖွဲ့နှင့် ရေကြောင်းအင်ဂျင်နီယာအရာရှိ ကျွမ်းကျင်မှုလက်မှတ် စာမေးပွဲ ဘုတ်အဖွဲ့**များက စာမေးပွဲကျင်းပစစ်ဆေးခြင်းဆိုင်ရာလမ်းညွှန်ချက်များဖြစ်သည်။

**ကျင်းပရမည့် ရေးဖြေစာမေးပွဲများ**

၃။ စာမေးပွဲဘုတ်အဖွဲ့ (Board of Examination) များသည် အောက်ပါကျွမ်းကျင်မှုလက်မှတ်ဆိုင်ရာ ရေးဖြေစာမေးပွဲများကို ကျင်းပရမည် -

(က) ကုန်းပတ်အရာရှိ အဆင့် (၁) နှင့် (၂) ပူးတွဲ
(ခ) ကုန်းပတ်အရာရှိ အဆင့် (၃)
(ဂ) ကုန်းပတ်အရာရှိ အဆင့် (၄)

(ဃ) ကုန်းပတ်အရာရှိ အဆင့် (၅)
(င) ရေကြောင်းအင်ဂျင်နီယာအရာရှိ အဆင့် (၁) နှင့် (၂) ပူးတွဲ
(စ) ရေကြောင်းအင်ဂျင်နီယာအရာရှိ အဆင့် (၃)
(ဆ) လျှပ်စစ်နည်းပညာအရာရှိ (ETO)

**စစ်ဆေးရမည့် ရေးဖြေဘာသာရပ်များ**

၄။ စာမေးပွဲဘုတ်အဖွဲ့ (Board of Examination) များသည် သက်ဆိုင်ရာကျွမ်းကျင်မှုလက်မှတ်ရေးဖြေစာမေးပွဲများတွင် အောက်ပါဘာသာရပ်များကို စစ်ဆေးရမည် -

(က) **ကုန်းပတ်အရာရှိ အဆင့် (၁) နှင့် (၂) ပူးတွဲ ရေးဖြေစာမေးပွဲ**
(၁) Navigation
(၂) Maritime Legislative Requirements
(၃) Cargo Handling, Stability and Shipboard Operations

(ခ) **ကုန်းပတ်အရာရှိ အဆင့် (၃) ရေးဖြေစာမေးပွဲ**
(၁) Practical Navigation
(၂) General Ship Knowledge

(ဂ) **ကုန်းပတ်အရာရှိ အဆင့် (၄) ရေးဖြေစာမေးပွဲ**
(၁) Navigation
(၂) Maritime Legislative Requirements
(၃) Cargo Handling, Stability and Shipboard Operations

(ဃ) **ကုန်းပတ်အရာရှိ အဆင့် (၅) ရေးဖြေစာမေးပွဲ**
(၁) Practical Navigation
(၂) General Ship Knowledge

(င) **ရေကြောင်းအင်ဂျင်နီယာအရာရှိ အဆင့် (၁) နှင့် (၂) ပူးတွဲ ရေးဖြေစာမေးပွဲ**
(၁) Marine Engineering Knowledge (General)
(၂) Marine Engineering Knowledge (Motor)
(၃) Marine Electro-technology
(၄) Naval Architecture and Ship Construction

(စ) **ရေကြောင်းအင်ဂျင်နီယာအရာရှိ အဆင့် (၃) ရေးဖြေစာမေးပွဲ**
(၁) Marine Engineering Knowledge (General)
(၂) Marine Engineering Knowledge (Motor)
(၃) Marine Electro-technology
(၄) Naval Architecture and Ship Construction

(ဆ) **လျှပ်စစ်နည်းပညာအရာရှိ (ETO) ရေးဖြေစာမေးပွဲ**
(၁) Electrical, Electronic and Control
(၂) Maintenance and Repair

**စာမေးပွဲများကျင်းပခြင်း**

၅။ ကုန်းပတ်အရာရှိနှင့် ရေကြောင်းအင်ဂျင်နီယာအရာရှိများ၏ ကျွမ်းကျင်မှုလက်မှတ်အတွက် စာမေးပွဲဘုတ်အဖွဲ့ (Board of Examination) ရေးဖြေစာမေးပွဲများကျင်းပခြင်းကို နှစ်စဉ် အောက်ပါလများတွင် ဆောင်ရွက်ရမည် -

(က) ဇူလိုင်လ
(ခ) နိုဝင်ဘာလ
(ဂ) မတ်လ

**စာမေးပွဲကျင်းပစစ်ဆေးခြင်းဆိုင်ရာများ စီမံဆောင်ရွက်ခြင်း**

၆။ စာမေးပွဲဘုတ်အဖွဲ့များသည် စာမေးပွဲကျင်းပခြင်းဆိုင်ရာရုံးလုပ်ငန်းကိစ္စရပ်များကို ဆောင်ရွက်နိုင်ရန် ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ ရေကြောင်းဌာနခွဲနှင့် ရေကြောင်းအင်ဂျင်နီယာဌာနခွဲတို့အောက်ရှိ စာမေးပွဲဌာနစိတ်များမှ ဝန်ထမ်းများကို တာဝန်ပေးနိုင်သည်။ ထို့အပြင် စာမေးပွဲဘုတ်အဖွဲ့များသည် စာမေးပွဲခန်းမအတွင်း စာမေးပွဲဖြေဆိုသူများကို ကြီးကြပ်ရန် စာမေးပွဲကြီးကြပ်သူများ သတ်မှတ်တာဝန်ပေးထားရမည်။ ထိုသို့သတ်မှတ်ရာတွင် မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်၊ မြန်မာနိုင်ငံကုန်သွယ်ရေကြောင်းကောလိပ်တို့မှ ဆရာ၊ ဆရာမများ၊ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းများကို သတ်မှတ်တာဝန်ပေးနိုင်သည်။ သက်ဆိုင်ရာစာမေးပွဲအလိုက် စာမေးပွဲဖြေဆိုနေစဉ် ကိစ္စအဝဝအား စာမေးပွဲဘုတ်အဖွဲ့မှ စီမံခန့်ခွဲပေးရမည်။ စာမေးပွဲဘုတ်အဖွဲ့သည် လိုအပ်ပါက စာမေးပွဲကြီးကြပ်သူများကို ညွှန်ကြားချက်များ ထုတ်ပြန်ပေးရမည်။

**စာမေးပွဲဖြေဆိုခွင့် လျှောက်ထားခြင်း**

၇။ စာမေးပွဲဖြေဆိုခွင့်လျှောက်ထားခြင်းကို ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ ရေကြောင်းဌာနခွဲနှင့် ရေကြောင်းအင်ဂျင်နီယာဌာနခွဲတို့အောက်ရှိ စာမေးပွဲဌာနစိတ်များတွင် စာမေးပွဲမကျင်းပမီ အနည်းဆုံး (၂)ပတ် ကြိုတင်၍ အောက်ပါ စာရွက်စာတမ်းများနှင့်အတူ လျှောက်ထားစေရမည် -

(က) Accepted for Qualified Sea Service ထောက်ခံစာမူရင်း
(ခ) သင်တန်းဌာနများတွင် အောင်မြင်ခဲ့သည့် ဘာသာရပ်အလိုက် အမှတ်စာရင်းနှင့် သက်ဆိုင်ရာ သင်တန်းဌာနများ၏ ကျွမ်းကျင်မှုလက်မှတ်အတွက် သင်တန်းပြီးဆုံးကြောင်းလက်မှတ်
(ဂ) ၆ လအတွင်း စစ်ဆေးထားသော Eye Test မူရင်း၊ မိတ္တူ
(ဃ) ကုန်းပတ်အရာရှိ အဆင့် (၃) နှင့် (၅) ကျွမ်းကျင်မှုလက်မှတ် စာမေးပွဲဖြေဆိုရန်အတွက် EDH လက်မှတ် မူရင်း၊ မိတ္တူ
(င) BoE ထပ်မံဖြေဆိုသူများအတွက် နောက်ဆုံးဖြေဆိုခဲ့သည့် BoE Result Sheet
(စ) ကုန်းပတ်အရာရှိ အဆင့် (၁)၊ (၂)၊ (၄) ကျွမ်းကျင်မှုလက်မှတ်နှင့် ရေကြောင်းအင်ဂျင်နီယာအရာရှိ အဆင့် (၁) နှင့် (၂) ကျွမ်းကျင်မှုလက်မှတ် စာမေးပွဲဖြေဆိုရန်အတွက် CoC လက်မှတ် မူရင်း၊ မိတ္တူ
(ဆ) လျှပ်စစ်နည်းပညာအရာရှိ (ETO) ကျွမ်းကျင်မှုလက်မှတ် စာမေးပွဲဖြေဆိုရန်အတွက် AEO Fit လက်မှတ် သို့မဟုတ် လျှပ်စစ်နည်းပညာသင်္ဘောသားတတ်ကျွမ်းမှုလက်မှတ် သို့မဟုတ် လျှပ်စစ်နည်းပညာအရာရှိ အလုပ်ရုံကျွမ်းကျင်မှုသင်တန်းအောင်လက်မှတ် မူရင်း၊ မိတ္တူ
(ဇ) CDC မိတ္တူ
(ဈ) ဓာတ်ပုံ (၄) ပုံ
(ည) ကိုယ်ရေးရာဇဝင်အကျဉ်းချုပ်
(ဋ) စာမေးပွဲကြေး

**စာမေးပွဲကြေး**

၈။ စာမေးပွဲဖြေဆိုမည့်သူများထံမှ စာမေးပွဲကြေးအဖြစ် အောက်ပါနှုန်းထားများအတိုင်း ကောက်ခံ၍ စာမေးပွဲဘုတ်အဖွဲ့ရန်ပုံငွေ၏ သက်ဆိုင်ရာငွေစာရင်းသို့ ပေးသွင်းရမည် -

| | | |
|---|---|---|
| (က) | ကုန်းပတ်အရာရှိနှင့် ရေကြောင်းအင်ဂျင်နီယာအရာရှိ အဆင့် (၁) နှင့် (၂) | ၅၀၀၀ဝိ/- |
| (ခ) | ကုန်းပတ်အရာရှိ အဆင့် (၃)၊ ရေကြောင်းအင်ဂျင်နီယာအရာရှိ အဆင့် (၃) နှင့် လျှပ်စစ်နည်းပညာအရာရှိ (ETO) | ၄၀၀၀ဝိ/- |
| (ဂ) | ကုန်းပတ်အရာရှိ အဆင့် (၄) | ၃၀၀၀ဝိ/- |
| (ဃ) | ကုန်းပတ်အရာရှိ အဆင့် (၅) | ၂၀၀၀ဝိ/- |

**စာမေးပွဲဘုတ်အဖွဲ့၏ တာဝန်နှင့်ဝတ္တရားများ**

၉။ (က) **စာမေးပွဲကျင်းပမည့် အချိန်၊ နေရာ သတ်မှတ်ခြင်း။** စာမေးပွဲဘုတ်အဖွဲ့များသည် စာမေးပွဲကျင်းပမည့် အချိန်၊ နေရာနှင့် စာမေးပွဲအချိန်စာရင်းကို သတ်မှတ်၍ စာမေးပွဲမကျင်းပမီ အနည်းဆုံး (၂) ပတ် ကြိုတင်၍ ထုတ်ပြန်ကြေညာပေးရမည်။

(ခ) **စာမေးပွဲဖြေဆိုခွင့်ရသူများအား ကြေညာပေးခြင်း။** စာမေးပွဲဘုတ်အဖွဲ့များသည် ရေးဖြေ ဖြေဆိုခွင့်ရရှိသူများနှင့် ဖြေဆိုရမည့် ဘာသာရပ်စာရင်းကို စာမေးပွဲမကျင်းပမီ အနည်းဆုံး (၁) ပတ် ကြိုတင်ထုတ်ပြန်ကြေညာ၍ စာမေးပွဲဖြေဆိုခွင့်ကတ်များကို စာမေးပွဲမကျင်းပမီ ထုတ်ပေးရမည်။

(ဂ) **စာမေးပွဲကျင်းပမည့်အခန်းများ စီစဉ်ခြင်း။** စာမေးပွဲဖြေဆိုခြင်းများတွင် မသမာမှုများ မရှိစေရန် စာမေးပွဲဖြေဆိုမည့် ထိုင်ခုံနေရာချထားမှုကို စာမေးပွဲဘုတ်အဖွဲ့များက စနစ်တကျ စီစဉ်ပေးရမည်။ သင်တန်းကျောင်းတစ်ခုတည်းမှ ဖြေဆိုသူများအား အတူတကွ နေရာချထားခြင်းမရှိစေရန် စီမံထားရမည်။

(ဃ) **စာမေးပွဲဘုတ်အဖွဲ့များ၏ရန်ပုံငွေ သုံးစွဲခြင်း။** စာမေးပွဲဘုတ်အဖွဲ့များသည် ကျင်းပသည့် စာမေးပွဲများအတွက် ကောက်ခံရရှိသည့် စာမေးပွဲကြေးများကို ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန၏ စီမံရေးဌာနခွဲအောက်ရှိ ဘဏ္ဍာရေးဌာနစုတွင် ရေကြောင်းဌာနခွဲနှင့် ရေကြောင်းအင်ဂျင်နီယာဌာနခွဲတို့၏ "စာမေးပွဲဘုတ်အဖွဲ့ရန်ပုံငွေ" များအဖြစ် သီးခြား ငွေစာရင်းများ ဖွင့်လှစ်၍ ထိန်းသိမ်းထားရှိရမည်။ အဆိုပါရန်ပုံငွေများမှ သက်ဆိုင်ရာ စာမေးပွဲကြီးကြပ်သူများကို ကြီးကြပ်ခအဖြစ် အရာထမ်းတစ်ဦးလျှင် တစ်ရက်အတွက် ၆၀၀ဝိ/- နှုန်းဖြင့်လည်းကောင်း၊ အမှုထမ်းတစ်ဦးလျှင် တစ်ရက်အတွက် ၄၀၀ဝိ/- နှုန်းဖြင့် လည်းကောင်း တွက်ချက်ထုတ်ပေးရမည်။ သက်ဆိုင်ရာစာမေးပွဲများကို ကြီးကြပ်မည့် အရာထမ်းနှင့် အမှုထမ်းများစာရင်းကို စာမေးပွဲဘုတ်အဖွဲ့ဝင်များ၏ သဘောတူညီချက်ဖြင့် အတည်ပြုထားရမည်။ ထို့အပြင် စာမေးပွဲကျင်းပခြင်းနှင့် သက်ဆိုင်သည့်ကိစ္စရပ်များတွင် အသုံးပြုသည့် ကုန်ကျစရိတ်များကို စာမေးပွဲဘုတ်အဖွဲ့ဝင်များ၏ သဘောတူညီချက်ဖြင့် စာမေးပွဲဘုတ်အဖွဲ့ရန်ပုံငွေများမှ ထုတ်ယူသုံးစွဲရမည်။ စာမေးပွဲအဖြေလွှာစစ်ဆေးသူများကို စစ်ဆေးခအဖြစ် တစ်စောင်လျှင် ၂၅၀ဝိ/- နှုန်းဖြင့် သက်ဆိုင်ရာစာမေးပွဲဘုတ်အဖွဲ့ ရန်ပုံငွေမှ ထုတ်ပေးရမည်။ စာမေးပွဲဘုတ်အဖွဲ့များ၏ ရန်ပုံငွေစာရင်း ဖွင့်လှစ်ဆောင်ရွက်ခြင်းကို စာရင်း စစ်ဆေးခြင်း ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာပြေစာများနှင့်တကွ ထိန်းသိမ်းထားရှိရမည်။ စာမေးပွဲဘုတ်အဖွဲ့များ ဖွဲ့စည်းခြင်းတွင် ပြင်ပမှ ရေယာဉ်မှူး (နိုင်ငံခြားသွား) နှင့်

အင်ဂျင်နီယာမျုး (နိုင်ငံခြားသွား) တို့အား ထည့်သွင်းဖွဲ့စည်း တာဝန်ပေးအပ်ထားပါက အဆိုပါ ပုဂ္ဂိုလ်များ၏ ကြီးကြပ်ခ (Supervision Fees) အဖြစ် သက်ဆိုင်ရာစာမေးပွဲကြေးများ၏ ၂၀ ရာခိုင်နှုန်းမှ အချိုးကျထောက်ပံ့နိုင်ရေးအတွက် သက်ဆိုင်ရာစာမေးပွဲဘုတ်အဖွဲ့ ရန်ပုံငွေများမှ ထုတ်ယူသုံးစွဲရမည်။

( င ) **စာမေးပွဲမေးခွန်းနှင့်စံပြအဖြေများ ပြုစုခြင်း။** စာမေးပွဲဘုတ်အဖွဲ့များသည် သက်ဆိုင်ရာ စာမေးပွဲမေးခွန်းများအား အစုံလိုက် စုံလင်စွာပြုစုပြီး စနစ်တကျချိတ်ပိတ်၍ သတ်မှတ်ထားသည့်နေရာတွင် သိမ်းဆည်းထားရမည်။ စာမေးပွဲဖြေဆိုရမည့်အချိန်မတိုင်မီ ၃ နာရီကြိုတင်၍ ပြုစုထားသည့် မေးခွန်းများမှ ဖြေဆိုရမည့်မေးခွန်းအား မဲနှိုက်ရွေးချယ်၍ မိတ္တူကူးပြီး စာမေးပွဲစစ်ဆေးခြင်း ဆောင်ရွက်ရမည်။ စစ်ဆေးခဲ့သည့်မေးခွန်း၏ စံပြအဖြေလွှာနှင့် အမှတ်ပေးစည်းမျဉ်းတို့ကို စာမေးပွဲဘုတ်အဖွဲ့များက အဖြေလွှာစစ်ဆေးခြင်းမတိုင်မီ ရေးဆွဲထားရမည်။

( စ ) **စာမေးပွဲအဖြေလွှာများ စစ်ဆေးခြင်း။** စာမေးပွဲဘုတ်အဖွဲ့များသည် အဖြေလွှာများ စစ်ဆေးခြင်းကို တာဝန်ယူစီမံခန့်ခွဲရမည်။ စာမေးပွဲအဖြေလွှာများကို စစ်ဆေးခြင်းမဆောင်ရွက်မီ လျှို့ဝှက်နံပါတ် (Code) ရေးသွင်းခြင်းနှင့် မှတ်တမ်းတင်ခြင်းကိစ္စများကို တာဝန်ယူဆောင်ရွက်ရမည်။ စာမေးပွဲဘုတ်အဖွဲ့ကိုယ်စား အဖြေလွှာများကို တာဝန်ယူစစ်ဆေးရန် ပြင်ပမှ ကျွမ်းကျင်သူများ (သင့်လျော်သည့် CoC ကိုင်ဆောင်ထားသူများ) ကို ပို့ဆောင်ရေးဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် တာဝန်ပေးဆောင်ရွက်နိုင်သည်။ အဖြေလွှာများ စစ်ဆေးရာတွင် စာမေးပွဲဘုတ်အဖွဲ့များမှ ရေးဆွဲအတည်ပြုထားသည့် စံပြအဖြေလွှာနှင့် အမှတ်ပေးစည်းမျဉ်းတို့အရ ဆောင်ရွက်စေရမည်။

(ဆ) **စာမေးပွဲအောင်/ရှုံး သတ်မှတ်ပေးခြင်း၊ Moderation ပြုလုပ်ပေးခြင်း။** စာမေးပွဲဘုတ်အဖွဲ့သည် အဖြေလွှာများ စစ်ဆေးပြီးနောက် ရရှိသည့် ရမှတ်များနှင့် သတ်မှတ်ထားသည့် အောင်မှတ် (Pass Mark) တို့အရ စာမေးပွဲအောင်/ရှုံး ဆုံးဖြတ်ခြင်းကို ဆောင်ရွက်၍ အောင်စာရင်းထုတ်ပြန်ပေးရမည်။ အောင်စာရင်းထုတ်ပြန်ပြီးချိန်တွင် သက်ဆိုင်ရာ Result Sheet ကို စာမေးပွဲဖြေဆိုခဲ့သူတိုင်းအား ထုတ်ပေး၍ မှတ်တမ်းတင်ထားရမည်။ အောင်စာရင်းထုတ်ပြန်ပေးခြင်းမတိုင်မီ လိုအပ်ပါက Moderation ပြုလုပ်နိုင်သည်။ ထိုသို့ Moderation ပြုလုပ်ခြင်းအတွက် ဆောင်ရွက်မည့် Procedure များကို ရေးဆွဲပြီး ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနသို့ တင်ပြ၍ အတည်ပြုချက် ရယူထားရမည်။ ထို့အပြင် စာမေးပွဲဘုတ်အဖွဲ့၏ ဆုံးဖြတ်ဆောင်ရွက်ချက်များကို မှတ်တမ်းတင်ထားရမည်။ Moderation ပြုလုပ်ပေးရာတွင် နိုင်ငံတော်က သတ်မှတ်ထားသည့် သက်ဆိုင်ရာကျွမ်းကျင်မှုစံများအပေါ် နိမ့်ကျစေမှုမရှိစေရေးအတွက် ချင့်ချိန်ဆောင်ရွက်ရမည်။

မောင်မောင်ဦး၊
ညွှန်ကြားရေးမှူးချုပ်၊
ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန။

## အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန

## ညွှန်ကြားရေးမှူးချုပ်ရုံး

မန္တလေးမြို့၊ ၁၃၇၅ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၄ ရက်

( ၂၀၁၃ ခုနှစ်၊ မေလ ၂၈ ရက် )

အမှတ် ၈၇ ။ ။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာနတွင် ၂၀၁၃ ခုနှစ်၊ မေလ ၁၃ ရက်နေ့၌ ကျင်းပပြုလုပ်သည့် စီမံခန့်ခွဲမှုကော်မတီ၏ (၁၂/၂၀၁၃) ကြိမ်မြောက် အစည်းအဝေး ဆုံးဖြတ်ချက်နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၏ ၂၀၁၃ ခုနှစ်၊ မေလ ၂၂ ရက်စွဲပါ စာအမှတ်၊ ၁/၁၉၀ (က) (၃)/(၆၂၆/၂၀၁၃) တို့အရ သစ်တောဦးစီး ဌာနမှ လွှဲပြောင်းပေးထားသော အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနတွင် တာဝန်ထမ်းဆောင်လျက် ရှိသည့် အောက်ဖော်ပြပါ ဦးစီးအရာရှိ (အစမ်းခန့်) (၃) ဦးအား အစမ်းခန့်ကာလ (၆) လပြည့်မြောက်ပြီးသည့် ယှဉ်တွဲပါနေ့ရက်များမှစ၍ အမြဲတမ်းအတည်ပြုခန့်ထားလိုက်သည် -

| စဉ် | အမည် | လက်ရှိနေရာ | အတည်ပြုခန့်သည့်နေ့ |
|---|---|---|---|
| (၁) | ဦးတင်စိုး | စစ်ကိုင်းမြို့နယ်<br>စစ်ကိုင်းတိုင်းဒေသကြီး | ၂၃-၁၁-၂၀၁၁ |
| (၂) | ဦးစိုးဝင်း | မြောင်မြို့နယ်<br>စစ်ကိုင်းတိုင်းဒေသကြီး | ၂၃-၁၁-၂၀၁၁ |
| (၃) | ဦးစိုင်းသန်းနိုင် | ဒီပဲယင်းမြို့နယ်<br>စစ်ကိုင်းတိုင်းဒေသကြီး | ၂၃-၁၁-၂၀၁၁ |

ဌေးအောင်၊
ညွှန်ကြားရေးမှူးချုပ်၊
အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန။

## အမှတ် (၁) အခြေခံပညာဦးစီးဌာန

ရန်ကုန်မြို့၊ ၁၃၇၄ ခုနှစ်၊ တပေါင်းလဆန်း ၁၄ ရက်

( ၂၀၁၃ ခုနှစ်၊ မတ်လ ၂၅ ရက် )

အမှတ် ၀၈၁ ။ ။ ပညာရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ၏ ၂၀၁၂ ခုနှစ်၊ နိုဝင်ဘာလ ၂၁ ရက်နေ့တွင် ကျင်းပပြုလုပ်သော အစည်းအဝေးမှတ်တမ်း (၈/၂၀၁၂) အစီအစဉ် (၄၈) အရ ရခိုင်ပြည်နယ်၊ မောင်တောမြို့၊ အမှတ် (၁) အခြေခံပညာအလယ်တန်းကျောင်းမှ ကျောင်းအုပ်ဆရာကြီး ဦးရွှေမောင်ဌေး အား ရခိုင်ပြည်နယ်၊ မောင်တောမြို့နယ်၊ ဘဂုံးနားကျေးရွာ၊ အခြေခံပညာအလယ်တန်းကျောင်း၏ ကျောင်းသစ်ခွဲဝေရာထူးနေရာတွင် ကျောင်းအုပ်ဆရာကြီးအဖြစ် ပြောင်းရွှေ့ခန့်ထားလိုက်သည်။

အမိန့်အရ

ကြဒ္ဒိလှ၊
ညွှန်ကြားရေးမှူးချုပ်၊
အမှတ် (၁) အခြေခံပညာဦးစီးဌာန။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

| ရန်ကုန်မြို့ | ၁၃၇၅ ခုနှစ်၊ ဝါခေါင်လဆန်း ၁၀ ရက်<br>( ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၁၆ ရက် ) | သောကြာနေ့ |
|---|---|---|

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။


## အပိုင်း ၄

**အရှေ့တိုင်းအအေးခန်းကုန်သေတ္တာ ဝန်ဆောင်မှုလီမိတက်**

**Eastern Refrigerated Container Services Limited**

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ - ၂၀၆ (၁) အရ

ကုမ္ပဏီကို ဆန္ဒအလျောက်ဖျက်သိမ်းကြောင်းကြေညာခြင်း

သာမန်ထက်ထူးကဲသော အထွေထွေအစည်းအဝေးဆုံးဖြတ်ချက်အရ **အရှေ့တိုင်းအအေးခန်းကုန်သေတ္တာ ဝန်ဆောင်မှုလီမိတက်**အား (၁၄-၈-၂၀၁၃) နေ့မှစတင်၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီးဖြစ်ပါသည်။

ဒေါ်ခင်စောယု **[B.Com (Q), C.P.A]** အမှတ် (၄၉/၅၁)၊ (၇-လွှာ)၊ ၂-လမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးအား တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်ထားပါသည်။

ကုမ္ပဏီမှ ရရန်နှင့်ပေးရန်ရှိသည်များကို (၁၃-၉-၂၀၁၃) ရက်နေ့ထက် နောက်မကျစေဘဲ ဖော်ပြပါ တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ အထောက်အထားခိုင်လုံစွာဖြင့် တင်ပြနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

ထွန်းမင်းအုန်း
မန်နေးဂျင်းဒါရိုက်တာ
အရှေ့တိုင်းအအေးခန်းကုန်သေတ္တာ ဝန်ဆောင်မှုလီမိတက်၏
ဒါရိုက်တာအဖွဲ့ (ကိုယ်စား)

ခင်စောယု
B.Com (Q), C.P.A
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ ၂၀၈ (E) အရ

**(Royal Jade City Co., Ltd) အား**

(အစုရှင်များ၏ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း)

နောက်ဆုံးအစည်းအဝေးတက်ရောက်ရန်ဖိတ်ကြားခြင်း

**Royal Jade City Co., Ltd** ၏ နောက်ဆုံးအစည်းအဝေးကို (၁၆-၉-၂၀၁၃) ရက်နေ့ နံနက် (၁၀း၀၀) နာရီအချိန်တွင် အမှတ် ၁၁ (အေ/ဘီ)၊ ဟံသာဝတီလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့တွင် ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အဖွဲ့ဝင်များအားလုံး တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

အစည်းအဝေးတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ အစီရင်ခံစာနှင့် စာရင်းရှင်းတမ်းများ တင်ပြပါမည်။

ကျော်ညွန့်
[B.A, D.S, C.P.A (R.A)]
အမှတ် ၁၁ (အေ/ဘီ)၊ ဟံသာဝတီလမ်း၊
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ ၂၀၆ (၁) အရ ကြော်ငြာစာ

**ဆွေဖြိုး ကုမ္ပဏီလီမိတက်**

၂၀၁၃ ခုနှစ်၊ ဩဂုတ်လ (၁၄) ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ ကျင်းပပြုလုပ်သော အဖွဲ့ဝင်များ၏ အထူးအစည်းအဝေးဆုံးဖြတ်ချက်အရ **ဆွေဖြိုး ကုမ္ပဏီလီမိတက် (SWE PHYO COMPANY LIMITED.)** အား (၁၄-၈-၂၀၁၃) ရက်နေ့မှစ၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီးဖြစ်ပါသည်။ ယင်းသို့ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် (၁) **ဦးမင်းလွင်ထူး (အထက်တန်းရှေ့နေ)** အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ်လည်းကောင်း၊ (၂) ဦးရဲထွန်းဆွေ (B.Sc) အား တွဲဖက်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ်လည်းကောင်း ခန့်အပ်လိုက်ပါသည်။

ကုမ္ပဏီမှ ရရန်နှင့်ပေးရန်ရှိသည်များကို ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ (၁၆) ရက်နေ့ကို နောက်ဆုံးထား၍ (၁) လအတွင်း ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ ဆက်သွယ်တောင်းခံခြင်းများနှင့် ပေးသွင်းခြင်းများ ပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

Phyo Hla Wai
Managing Director
Swe Phyo Co., Ltd.

ဦးမင်းလွင်ထူး
(အထက်တန်းရှေ့နေ)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

ဦးရဲထွန်းဆွေ (B.Sc)
တွဲဖက်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

ပ၊ စ၊ လ - အမှတ် ၆၆၅/၁၂/ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း/စောင်ရေ - ၂၁၀၀/၁၆-၈-၂၀၁၃။